# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၁၉ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၇၁]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

* အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
* အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
* အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်းဖြစ်၏၊
* တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။

# စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေး တိုင်းရင်းသားပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်

**နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်က (၄၂) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**၂၀၁၆ ခုနှစ်၊ မတ်လ ၁၉ ရက်**

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သော (၄၂) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "မွန်ပြည်နယ်"အဖြစ် သတ်မှတ်ရန် မူကြမ်းရေးဆွဲစဉ် အတည်ပြုပေးခဲ့သည့် မတ်လ ၁၉ ရက်နေ့ကို **မွန်ပြည်နယ်နေ့**အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၄၂ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# ပူတာအိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး တက်ညီလက်ညီကြိုးပမ်း



**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)တို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့်ထွက်ခွာပြီး ကချင်ပြည်နယ် ပူတာအိုမြို့သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)






## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အခွင့်အရေးကောင်းဟူသည်

လောက၌ အခွင့်အရေးကောင်းတစ်ခုကို မျှော်ကိုးစွာ အသုံးချနိုင်ပါက ကြီးပွားတိုးတက်နိုင်သည်ဟု ကြားဖူးသည်။ အခွင့်အရေးသည် နှစ်ခါမရနိုင်။ ကြီးပွားတိုးတက်နိုင်သော အခွင့်အရေးကောင်းကို ပိုင်ပိုင်နိုင်နိုင်သိရှိပြီး ထိုအခွင့်အရေးကို ကောင်းမွန်စွာ အသုံးချနိုင်ပါက ဘဝအလှည့်အပြောင်းများနှင့် တိုးတက်သွားနိုင်သည်။ သို့သော် ထိုအခွင့်အရေးကို သိသူကားနည်းပါးသည်။ လူနည်းစုသာ အခွင့်အရေးကို အခွင့်အရေးမှန်း သိကြ၏။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးသည်ကား ပြီးစီးသွားလေပြီ။ ဤတွင် အောင်စာရင်းထွက်သောအခါ ဂုဏ်ထူးများစွာဖြင့် အောင်မြင်သူများလည်းပါမည်။ သာမန်ရိုးရိုး အောင်မြင်သူများလည်းရှိသလို ကျရှုံးသူများလည်းရှိနိုင်သည်။ စာသင်နှစ်စကတည်းက ငါသည် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ရန်ရည်မှန်းချက်ကြီးစွာ ထားရှိလျက် ကြိုးစားကြသော ကျောင်းသား ကျောင်းသူများရှိသည်။ ၎င်းတို့သည်ကား အခွင့်အရေးကို သိသူများဟု ဆိုရမည်သာ။ အဘယ်ကြောင့်ဟူမူ ကြိုးစားမှု၏ရလဒ်အဖြစ် မြင့်မားသောဘဝတစ်ခုကို တည်ဆောက်နိုင်တော့မည်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အခွင့်အရေးကောင်းကိုသိပြီး ကြိုးစားအားထုတ်ခဲ့သဖြင့် အခွင့်အရေးကောင်းများရရှိနိုင်မည်ဖြစ်ပါသည်။ ဤကား အခွင့်အရေးကောင်းကိုသိရှိပြီး ကြိုးစားအားထုတ်နိုင်လျှင် ကောင်းမွန်သော အခွင့်အရေးကောင်းကိုရနိုင်ကြောင်း သာဓကတစ်ရပ်ပင် ဖြစ်ပါသည်။

အခွင့်အရေးကောင်းကို အသုံးချရာတွင် ဖွဲ့ရှိရမည်။ လုံ့လ၊ ဝီရိယရှိရမည်။ သည်းခံစိတ်မွေးရမည်။ ဖွဲ့၊ လုံ့လ၊ ဝီရိယတို့သည် အခွင့်အရေးကောင်းတစ်ခုကို အမိအရအသုံးချရာတွင် အခြေခံအကြောင်းတရားများပင်ဖြစ်သည်။ မည်သည့်အလုပ်ကိုလုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ ဖွဲ့ရှိမှ အောင်မြင်နိုင်သည်။ သည်းခံတတ်ခြင်းသည် အရည်အချင်းတစ်ရပ်ပင် ဖြစ်သည်။

အခွင့်အရေးဟူသည်အဝေး၌ ရှိနေသည်မဟုတ်ပေ။ မိမိအနားတွင်ရှိနေသည်။ မိမိလုပ်ကိုင်ဆောင်ရွက်နေသော အလုပ်သည် အခွင့်အရေးပင်ဖြစ်သည်။ ထိုအလုပ်ကို ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ်အလုပ်လုပ်နိုင်လျှင် တစ်နေ့ကြီးပွားတိုးတက်လာနိုင်သည်။ မည်သည့်အလုပ်မဆို ဖွဲ့ကောင်းကောင်းဖြင့် ကြိုးစားရန်လိုသည်။ သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာအဖြာဖြာတို့အပေါ် အခွင့်အရေးဟု သိမြင်ပြီး ကြိုးစားအားထုတ်သွားနိုင်မည်ဆိုလျှင် ဘဝတစ်ဆစ်ချိုးအပြောင်းအလဲများနှင့် အောင်မြင်တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# နိုင်ငံတကာ ကမ္ဘာ့ရုပ်သေးပွဲတော် ကျင်းပမည်

**မန္တလေး မတ် ၁၈**

မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် ဧပြီ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ နိုင်ငံတကာရုပ်သေးပွဲတော်ကို ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ကမ္ဘာ့ရုပ်သေးပညာရှင်များ ပူးပေါင်း၍ ယဉ်ကျေးမှုအနုပညာလက်ရာများ ပြသသွားမည်ဖြစ်ကြောင်း မြန်မာ့ရုပ်စုံသဘင်အသင်း အတွင်းရေးမှူး ဦးကျော်မျိုးက ပြောသည်။

ပြပွဲတွင် သင်တန်းဖွင့်ခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ပါဝင်ပြီး ရန်ကုန်မြို့ ထွေးဦးမြန်မာရုပ်သေးအဖွဲ့၊ မန္တလေးမြန်မာ့ရုပ်စုံသဘင်အသင်းအဖွဲ့၊ အင်ဒိုနီးရှား၊ ဂျာမနီနှင့် ထိုင်းနိုင်ငံတို့မှ ရုပ်သေးအဖွဲ့ချုပ်အနုပညာရှင်များ ပါဝင်ပူးပေါင်းဆောင်ရွက်မည်။

ပွဲတော်တွင် စာတမ်းဖတ်ပွဲ၊ ဈေးရောင်းပွဲတော်၊ ကျောင်းသားကျောင်းသူများ၏ ရုပ်သေး Performance လက်ရာများပြုလုပ်ပြီး ညပွဲတွင် မြန်မာနိုင်ငံမှ ရုပ်သေးပညာရှင်အဖွဲ့၊ ပြည်ပရုပ်သေးပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**

# (၇၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# GSM တာဝါတိုင် အမြန်တည်ဆောက်ပေးစေလို

**ပလက်ဝ မတ် ၁၈**

ချင်းပြည်နယ် ပလက်ဝမြို့တွင် GSM တာဝါတိုင် တည်ဆောက်၍ မိုဘိုင်းဖုန်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဆက်သွယ်ရေးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် GSM တာဝါတိုင် ၄၁ ခု တည်ဆောက်ရန် ခွင့်ပြုထားမှုတွင် ပလက်ဝ၌တည်ဆောက်မည့် တာဝါတိုင်လည်းပါရှိလေရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တာဝါတိုင်များ တည်ဆောက်ပြီးစီးပြီး မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်ပြောဆိုမှု အဆင်ပြေလျက်ရှိသော်လည်း ပလက်ဝမြို့ရှိ ဒေသခံပြည်သူများအနေဖြင့် ယခုအချိန်ထိ တန်ဖိုးနည်းမိုဘိုင်းဖုန်းကတ်ဖြင့် အသုံးပြုဆက်သွယ်ပြောဆိုနိုင်မှုနှင့် အလှမ်းဝေးလျက်ရှိနေသေးသည်။ ထို့ကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကို အရေးပေါ်ဆက်သွယ်ရာတွင် ချင်းပြည်နယ်အတွင်းရှိ အခြားမြို့နယ်များထက်ပင် နှောင့်နှေးကြန့်ကြာမှုများကြုံတွေ့နေကြရသည်။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် GSM တာဝါတိုင် အမြန်တည်ဆောက်ပြီး ဆက်သွယ်မှုရရှိနိုင်ရေး လိုလားတောင့်တလျက်ရှိကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# စိုက်ပျိုးသီးနှံများအာမခံထားရှိရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံရှိ တောင်သူလယ်သမားများ၏ စီမံကိန်းဝင်ရာသီစိုက်ပျိုးသီးနှံများ ရာသီဥတုဖောက်ပြန်၍ ဆုံးရှုံးမှုဖြစ်ပေါ်လျှင် အာမခံလျော်ကြေးရရှိနိုင်ရန်နှင့် သီးနှံအာမခံလုပ်ငန်းစနစ် ထူထောင်နိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ အကူအညီဖြင့် ပထမအကြိမ် စိုက်ပျိုးသီးနှံများ အာမခံထားရှိရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၂ ရက်တွင် နေပြည်တော် (Hotel Grand Amara) ၌ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မိုးလေဝသနှင့် မြန်မာ့အာမခံကုမ္ပဏီများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့်တကွ အိန္ဒိယနိုင်ငံမှ Basis အသေးစားငွေချေးလုပ်ငန်း၊ Weather risk management company၊ လယ်ယာသီးနှံအာမခံကုမ္ပဏီများမှ ပညာရှင်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ တက်ရောက်လိုသူများအနေဖြင့် ဦးမူရာကာ ဖုန်း-၀၉-၅၂၃၁၅၇၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ကချင်ပြည်နယ် ဗန်းမော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့်အဖွဲ့သည် ပြည်သူများမှ လျှပ်စစ်ဓာတ်အားအပြည့်အဝအသုံးချနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အောင်သာရပ်ကွက်၊ ဗန်းမော်-မိုးမောက်ကားလမ်းတွင် လက်ရှိ ၁၀ မီတာရှိ ကွန်ကရစ်တိုင်များ၌ စိုက်ထူခြင်းနှင့် ကြံ့ခိုင်မှုအားနည်းသော လက်ရှိလျှပ်စစ်မီးကြိုးများ အစားထိုးတပ်ဆင်ခြင်းကို မတ် ၁၇ ရက်က ဆောင်ရွက်နေစဉ်။ ဆီမီးခုံ- နန်းရီ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၄၆၀ / ၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀ / ၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀ / ၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၉၃၀၀၀/၉၄၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၁၀၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ | |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ - ၅၀၀၀ | |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ - ၈၀၀၀ | |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ - ၁၂၀၀၀ | |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ - ၁၀၀၀၀ | |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ - ၂၇၀၀၀ | |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ - ၁၈၀၀၀ | |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ - ၁၂၀၀၀ | |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ - ၉၀၀၀ | |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ | |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၇၀၀၀ | |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ | |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၈·၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၉·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၆·၃၇ |
| ထိုင်း | တစ်ဘတ် | ၃၄·၇၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၂၀၁ |
| တရုတ် | တစ်ယွမ် | ၁၈၇·၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၇·၃၃ |

ခင်ရတနာ-စုစည်းသည်။

# မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့သဖြင့် ပြည်နယ်၏ ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသော်လည်း ယနေ့အချိန်တွင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရရှိနေပြီဖြစ်

* ရှေ့ဖုံးမှ

အတိတ်ကာလက မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့သဖြင့် ပြည်နယ်၏ ဖွံ့ဖြိုးမှုနှောင့်နှေးခဲ့ရသော်လည်း ယနေ့အချိန်တွင် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးအသီးအပွင့်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ရရှိနေပြီဖြစ်ရာ ယင်းအခြေခံကောင်းများနှင့်အတူ ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ထို့ပြင် ယင်းသဘောတူစာချုပ်ကို အခြေခံပြီး မြန်မာနိုင်ငံ၏ ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပနိုင်ခဲ့သည့်အတွက် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေအနေကောင်းများ၊ အလားအလာကောင်းများ ပေါ်ထွန်းနေပြီဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးက ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ အခွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့ကို မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းကလည်း စည်းလုံးညီညွတ်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။



# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း သံအမတ်ကြီးများအား သီးခြားစီ တွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား **(အပေါ်ပုံ)** ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဘတ်ဆွန်အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H. E. Mr. Tateshi HIGUCHI အား ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သံအမတ်ကြီးများအား သီးခြားစီ တွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Tateshi HIGUCHIအား **(အောက်ပုံ)** ယနေ့ မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာအား ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# နေပြည်တော် သွားနှင့်ခံတွင်းဆိုင်ရာအထူးကုဌာန ပုဗ္ဗသီရိမြို့နယ်၌ဖွင့်လှစ်

**နေပြည်တော် မတ် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန နေပြည်တော် သွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဌာနဖွင့်ပွဲ အခမ်းအနားကို နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ယင်းအဆောက်အအုံ၌ ယနေ့နံနက် ၉နာရီက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဌာန အဆောက်အအုံအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဆေးကုခန်းများ၊ သွားနှင့်ခံတွင်း ကုသစက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ယင်းသွားနှင့် ခံတွင်းဆိုင်ရာ အထူးကုဌာနသည် ခေတ်မီစက်ပစ္စည်းများ၊ စမ်းသပ်ကုသခန်း ၁၄ ခန်းတို့ဖြင့် သွားအထူးကုဆရာဝန် ခုနစ်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက သွားနှင့်ခံတွင်း ဝေဒနာရှင်များကို သွားအတုစိုက်ခြမှအပ အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။ ဝန်ထမ်းများအတွက် အဆင်ပြေစေရန် ရုံးချိန်ပြင်ပလည်း ကုသပေးကြောင်း အဆိုပါဌာနမှ ဒေါက်တာခင်မောင်က ပြောသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ရှိ ဆေးရုံများမှ ဖိတ်ကြားထားသော သွားအထူးကုဆရာဝန်များ၊ ဆေးရုံအုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူလုပ်ငန်းရှင် ၅၀ အမည်စာရင်းထုတ်ပြန် ကမ္ဘောဇဘဏ်လီမိတက် ပထမနေရာရရှိ

**ရန်ကုန် မတ် ၁၈**

ကမ္ဘောဇဘဏ်လီမိတက်သည် ၂၀၁၄-၂၀၁၅ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၂၂ ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး ပထမနေရာမှ လေးနှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူအဖြစ် ရရှိခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၏ မတ် ၁၈ရက် ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်အနေဖြင့် ၂၀၁၁-၂၀၁၂ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၆ ဒသမ ၀၁၅ ဘီလီယံကျော်၊ ၂၀၁၂-၂၀၁၃ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်ကျပ်ငွေ ၁၀ ဒသမ ၈၂၇ ဘီလီယံကျော်၊ ၂၀၁၃-၂၀၁၄ ခုနှစ် အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန် ကျပ်ငွေ ၁၇ ဒသမ ၀၆၂ ဘီလီယံကျော် ပေးဆောင်ခဲ့ပြီး နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုများကို သုံးနှစ်ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဝင်ငွေခွန် ပထမဆုကို လေးနှစ်ဆက်တိုက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သူအဖြစ် ရရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ ၂၃ဘီလီယံ ပေးသွင်းပြီးဖြစ်ကာ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် ကြိုတင်ခွန် ကျပ်ငွေ ၃၀ ဘီလီယံ နှင့် ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ကျပ်ငွေ ၃၂ ဘီလီယံ ပေးသွင်းရန်လျာထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၁၈**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

# ကုလသမဂ္ဂနှင့်အမေရိကန်တို့၏တင်းကျပ်သော ပိတ်ဆို့ဟန့်တားမှုများကိုအာခံ မြောက်ကိုရီးယားက ပင်လယ်ထဲသို့ ဒုံးကျည်တစ်စင်း ထပ်မံပစ်လွှတ်စမ်းသပ်

**ဆိုးလ် မတ် ၁၈**

မြောက်ကိုရီးယားသည် သောကြာနေ့က အနည်းဆုံး ဒုံးကျည်တစ်စင်းကိုပစ်လွှတ်ခဲ့ရာ ယင်းဒုံးကျည်သည် ၎င်း၏ အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ပင်လယ်ပြင်သို့မရောက်မီ ကီလိုမီတာ ၈၀၀ ခန့် (မိုင် ၅၀၀)သို့ ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယား စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။ ကုလသမဂ္ဂနှင့် အမေရိကန်တို့၏ တင်းမာသော ပိတ်ဆို့ဟန့်တားမှုများကို အာခံလျက် သီးခြားရပ်တည်နေသော မြောက်ကိုရီးယားသည် ၎င်း၏ လုပ်ဆောင်မှုများကို ရှေ့တိုးလုပ်ဆောင် လျက်ရှိကြောင်း သိရသည်။

ပစ်လွှတ်လိုက်သော ဒုံးကျည်သည် တာလတ်ပစ် ဒုံးကျည်ဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းအေဂျင်စီကပြောသည်။ ၂၀၁၄ ခုနှစ် ကတည်းကစ၍ ဂျပန်နိုင်ငံသို့ရောက်ရှိနိုင်သည့် ပထမဆုံး တာလတ်ပစ်ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ပြုလုပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယခုလအစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုအပေါ်ပြုလုပ်ခဲ့သော အရေးယူပိတ်ဆို့မှုများကို မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မသိကျိုးကျွန်ပြုခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်အရေးတင်းမာမှု ဖြစ်ပေါ်လာချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် ယခုအပတ်တွင် အမေရိကန်က မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်များ ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယားမြို့တော် ပြုံယမ်းအနောက်ဘက်မှ ပစ်လွှတ်လိုက်သော ယင်းဒုံးကျည်သည် ကိုရီးယားကျွန်းဆွယ်ကိုဖြတ်၍ မတ် ၁၈ ရက် နံနက်အစောပိုင်းတွင် အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ပင်လယ်ပြင်ထဲသို့ ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက ပထမအကြိမ် ဒုံးပျံပစ်လွှတ်လိုက်သောနေရာမှ ဒုံးပျံပစ်လွှတ်စမ်းသပ်ပြီး မကြာမီ ဒုတိယမြောက်ဒုံးကျည်ကို ထပ်မံပစ်လွှတ်စမ်းသပ်ခဲ့ကြောင်း သိရသည်။ ယင်းဒုံးကျည်သည် ပစ်လွှတ်ပြီး ၁၇ကီလိုမီတာအရောက်တွင် ရေဒါမှ ပျောက်ကွယ်သွားခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်တွင် ထပ်မံဖော်ပြခဲ့သည်။ **(ရိုက်တာ)**



# ကလင်တန်ကို စုစုစည်းစည်းထောက်ခံရန် ဒီမိုကရက်များအား အိုဘားမားတောင်းဆို



**ဝါရှင်တန် မတ် ၁၈**

အမေရိကန်သမ္မတ ဘားရက် အိုဘားမားက ဒီမိုကရက်တစ်ဘက်တော်သားများအား ဟီလာရီ ကလင်တန်ကို ထောက်ခံအားပေးရန် တောင်းဆိုခဲ့ကြောင်း သမ္မတ ရွေးကောက်ပွဲအတွက် ကလင်တန်သည် ပါတီ၏အဆိုပြုခံရသူအဖြစ် တောင်းဆိုခံရမှုများပြားကြောင်း မီဒီယာဖော်ပြချက်များအရ သိရသည်။

ပြီးခဲ့သော သီတင်းပတ်က အော်စတင်နှင့် တက္ကဆက်ပြည်နယ်တို့၌ ဒီမိုကရက်တစ်အတွက် ရန်ပုံငွေကောက်ခံစဉ်အတွင်း အိုဘားမားက ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ခြင်းဖြစ်သည်ဟု နယူးယောက်တိုင်းမ်သတင်းစာက ဖော်ပြခဲ့သည်။ ယှဉ်ပြိုင်ပွဲမှ မစ္စတာ ဆန်းဒါး ရှောင်ရှားသွားရန် အိုဘားမားအနေနှင့် စကားလုံးများကို ဂရုတစိုက်ရွေးချယ်သုံးနှုန်းခဲ့ကြောင်း သိရသည်။

ကလင်တန်၏ အဓိကယှဉ်ပြိုင်ဘက်ဖြစ်သူ ဘာနီဆန်းဒါးသည် သမ္မတရွေးကောက်ပွဲအတွက် ပါတီ၏ အဆိုပြုခံရသူနေရာတွင် နောက်ကောက်ကျနေခဲ့ပြီ ဖြစ်ကြောင်းကို မတ် ၁၅ ရက်က မစ်ဆောရီ၊ အိုဟိုင်းယိုး၊ မြောက်ကာရိုလိုင်းနား၊ အီလီနွိုက်နှင့် ဖလော်ရီဒါပြည်နယ်တို့တွင် ပြုလုပ်သော မဲဆွယ်ပွဲများ၌ ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်မည်ဖြစ်သည်။

နိုဝင်ဘာရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်သမ္မတတစ်ဦး အနိုင်ရရှိရေးသည် အဆိုပြုခံရသူကို ဒီမိုကရက်တစ်ပါတီမှ ကတိကဝတ်ပေးထောက်ခံမှုများအပေါ် မူတည်သည်ဟု အိမ်ဖြူတော် သတင်းထုတ်ပြန်ရေး အတွင်းရေးမှူး ဂျိုးအန်းနက်စ်က သတင်းထောက်များကို ပြောကြားခဲ့သည်။ ယှဉ်ပြိုင်ပွဲ၌ အနိုင်ရရှိစေလိုသူကို အိုဘားမားအနေနှင့် သိသိသာသာမဖော်ပြခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **(ပီတီအိုင်)**

# အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေး အာဘေးကျင်းပ

**တိုကျို မတ် ၁၈**

မြောက်ကိုရီးယားမှ နောက်ဆုံးအကြိမ် ဒုံးကျည်ပစ်လွှတ်လိုက်မှုကြောင့် ယင်းကိစ္စနှင့်ပတ်သက်ပြီး တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများနှင့် တွေ့ဆုံညှိနှိုင်းရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ညွှန်ကြားခဲ့သည်။

ယနေ့အစောပိုင်းက နိုင်ငံ၏ အနောက်ဘက် ကမ်းရိုးတန်းဘက်မှ အရှေ့ပိုင်းကမ်းရိုးတန်းသို့ မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု ပြုလုပ်ခဲ့ပြီးနောက် သောကြာနေ့တွင် အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ်ကို ဂျပန်အစိုးရက ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းပစ်လွှတ်လိုက်သော ဒုံးကျည်သည် ဂျပန်ပင်လယ်ပြင်သို့ ကျရောက်သွားဖွယ်ရှိကြောင်း ခန့်မှန်းရသည်။ အစည်းအဝေးသို့ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့်အတူ ဒုတိယဝန်ကြီးချုပ် တာရိုအေဆို၊ နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကူရှီဒါနှင့် ကာကွယ်ရေးဝန်ကြီး ဂန်နာကာတာနီတို့ တက်ရောက်ခဲ့ကြသည်။ လိုအပ်သော သတင်းအချက်အလက်များ ရှာဖွေစိစစ်ရန် ရေကြောင်းနှင့်လေကြောင်းဆိုင်ရာ လုံခြုံမှုရှိစေရန်နှင့် ပြည်သူလူထုထံသို့ သတင်းအချက်အလက်များ မြန်ဆန်စွာရောက်ရှိစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း အာဘေးက ဝန်ကြီးများကို ညွှန်ကြားခဲ့သည်။

အစိုးရအနေဖြင့် မြောက်ကိုရီးယားကို ပြင်းပြင်းထန်ထန်ဆန့်ကျင်ရှုတ်ချကြောင်း ဝန်ကြီးများက အတည်ပြုပြောကြားပြီး အဆိုပါပစ်လွှတ်စမ်းသပ်မှုပြီးနောက် အခြားပစ်လွှတ်မှုနှစ်ခုမှာ အမေရိကန်လုံခြုံရေးကောင်စီအဆုံးအဖြတ်ကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်ကြောင်း ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**



# တရုတ်-အမေရိကန်နျူကလီးယား လုံခြုံရေးစင်တာ စတင်လည်ပတ်

**ပေကျင်း မတ် ၁၈**

အာရှ-ပစိဖိတ်ဒေသအတွင်း တရုတ်နှင့်အမေရိကန်တို့ ငွေကြေးအကုန်အကျခံကာ ဆောက်လုပ်ထားသောအကြီးမားဆုံး နျူကလီးယားလုံခြုံရေးစင်တာကို သောကြာနေ့က ဖွင့်လှစ်လိုက်ကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါဌာနကို အမေရိကန်စွမ်းအင်ဌာနနှင့် တရုတ်နိုင်ငံ အက်တမ်စွမ်းအင်ဌာန(CAEA)တို့မှ ပူးပေါင်းဆောက်လုပ်ခြင်းဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း အာရှ-ပစိဖိတ်ဒေသအတွင်း တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများအတွက် နျူကလီးယားလုံခြုံရေးဝန်ထမ်းပေါင်း ၂၀၀၀ ခန့်ကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း CAEA ဥက္ကဋ္ဌရှုဒါဇီက ပြောသည်။

အဆိုပါ စင်တာတည်ဆောက်ရေးသည် တရုတ်နှင့်အမေရိကန်အစိုးရတို့က ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကတည်းက စတင်ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ခဲ့သော အကြီးမားဆုံးအစီအစဉ်တစ်ခုဖြစ်သည်။ **(ဆင်ဟွာ)**

# အီးယူအစည်းအဝေး ပထမနေ့၌ ဥရောပသမဂ္ဂစီးပွားရေး အဓိကဆွေးနွေး

**ဘရပ်ဆဲ မတ် ၁၈**

ဥရောပသမဂ္ဂ(အီးယူ) ခေါင်းဆောင်များသည် ဥရောပစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ကြာသပတေးနေ့က ဆွေးနွေးခဲ့ပြီး နှစ်ရက်ကြာအစည်းအဝေး၌ အီးယူ-တူရကီ ရွှေ့ပြောင်းသွားလာသူများအရေးကိုလည်း အလေးထားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အီးယူခေါင်းဆောင်များသည် နှစ်စဉ်ဖွံ့ဖြိုးတိုးတက်ရေး ကောက်ယူမှုစစ်တမ်းတွင် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ပြုလုပ်ရန်၊ ခေတ်သစ်စီးပွားရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရန်နှင့် ဘတ်ဂျက်ရေးဆွဲရေး စီမံခန့်ခွဲရန်တို့အပါအဝင် မူဝါဒရေးရာများကို အတည်ပြုဆွေးနွေးခဲ့ကြောင်း ဆိုသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန်နှင့် စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် အဆိုပါမူဝါဒများကို ပြန်လည်ပြုပြင် အစားထိုးသွားမည်ဖြစ်ကြောင်း ခေါင်းဆောင်များက ပြောကြားခဲ့သည်။

ဇွန်လအစည်းအဝေး၌ စီးပွားရေးနှင့် ငွေရေးကြေးရေးတိုးတက်မှုအကြောင်းအရာများကို ဆက်လက်ဆွေးနွေးသွားရန် သဘောတူခဲ့ကြောင်းသိရသည်။ ၎င်းတို့သည် ကော်မရှင်၏ တစ်ခုတည်းသော ဈေးကွက်ဖြန့်ဖြူးရေး၊ တစ်ခုတည်းသော ဒစ်ဂျစ်တယ်ဈေးကွက်နှင့် ဈေးကွက်စီးပွားရေး ပေါင်းစည်းရေးမဟာဗျူဟာများအပါအဝင် ကုန်ထုတ်လုပ်နိုင်မှု စွမ်းရည်များတိုးတက်လာစေရန် အကောင်အထည်ဖော်သွားမည့်အစီအစဉ်များ လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ကျင်းပ



**ရန်ကုန်  မတ်  ၁၈**

သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပရာ**(ယာပုံ)**နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃ မဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သာသနာရေးမှူး များ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသနှင့် အခမ်းအနားမှူးဆရာတော်အဖြစ် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မတို့က ဆောင်ရွက်တော်မူကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်း နှင့် အစည်းအဝေးသို့ ကြွရောက်တော်မူကြသော နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်များ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်းနှင့် ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ယင်းနောက် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာနန္ဒက တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက် များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းလျှောက်ထားပြီး အတည်ပြုချက်ရယူကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

နေ့လယ်ပိုင်းအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ သံဃအဖွဲ့အစည်း အဆင့်ဆင့် ၂၅ ရာခိုင်နှုန်း အနားယူခြင်းဆိုင်ရာ လုပ်ငန်း စီမံချက်အရ ပထမသုံးနှစ်သက်တမ်းတွင် အနားယူသွားကြသော နိုင်ငံတော် သံဃမဟာ နာယကဆရာတော်များ၏ အမည်စာရင်းကိုတင်သွင်းခြင်း၊ အခြေခံ စည်းမျဉ်းသစ်အရ အစားထိုးရွေးချယ်ခံရသည့် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၏အမည်စာရင်းကို အကျိုးတော်ဆောင် ဆရာတော်က ဖတ်ကြားတင်သွင်းပြီး သဘာပတိဆရာတော်က အတည်ပြုချက် ရယူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဆရာ တော်များနှင့် တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များ၏ အမည်စာရင်း ကို ဥက္ကဋ္ဌဆရာတော်က ဖတ်ကြားတင်သွင်းပြီး သံဃဆန္ဒရယူအတည်ပြု သည်။

ထို့နောက် နိုင်ငံတော်သံဃဝိနိစ္ဆယ အဖွဲ့ဝင်ဆရာတော်များအား နိုင်ငံ တော် ဝိနည်းဓိုရ်လက်မှတ်များဆက်ကပ်ပြီး သတ္တမအကြိမ် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးတွင်ချမှတ်ခဲ့သည့် အစားထိုး ရွေးချယ်မှုများ၊ ဆုံးဖြတ်ချက်များ၊ မှတ်တမ်းတင်ချက်များကို သာသနာ့သမိုင်းဝင် မှတ်တမ်းစာအုပ်ကြီး၌ ဩဝါဒါစရိယဆရာတော်ကြီး ၁၅ ပါး၊ ဥက္ကဋ္ဌဆရာ တော်နှင့် အကျိုးတော်ဆောင်ဆရာတော်၊ ဂိုဏ်းအသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတို့မှ ကိုယ်စားလှယ် တစ်ပါးကျစီ လက်မှတ်ရေးထိုးတော် မူကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ နိဂုံးချုပ် ဥယျောဇနကထာကို နာယူတော်မူကြပြီး ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော် မူကြကာ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထ အစည်းအဝေး တတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား အလှူရှင် မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)-ဇနီး ဒေါ်ခင်သန်းနွဲ့၊ မဟာသရေစည်သူ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဇနီး ဒေါ်သန်းသန်းနွဲ့၊ မဟာ သရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)-ဇနီး ဒေါ်စမ်းစမ်းရီ၊ မဟာ သရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မဟာသရေစည်သူ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)-ဇနီး ဒေါ်ခင်လေးမြင့်၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)-ဇနီး ဒေါ်ခင် နှင်းဝေ၊ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)-ဇနီး ဒေါ်မာလာတင့်နှင့် မဟာသရေစည်သူ ဇေယျကျော်ထင် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)- ဇနီး ဒေါ်နန်းခင်လှဝင်း မိသားစုတို့က တစ်နေ့တာဆွမ်းဆက်ကပ် လှူဒါန်းကြ ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ E-Library နှင့်လက်တွေ့စာသင်ဆောင်ဖွင့်လှစ်

**နေပြည်တော်  မတ်  ၁၈**

နိုင်ငံတော်၏ သားငါးကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ မွေး ထုတ်ပေးလျက်ရှိသည့် မွေးမြူရေး ဆိုင်ရာ ဆေးတက္ကသိုလ်၌ အာစီ နှစ်ထပ် လက်တွေ့စာသင်ဆောင် သစ်နှင့် E-Library အဆောက် အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပ သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေး လက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ် ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပြီး ဘွဲ့လွန်သင်တန်းသား သင် တန်းသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။ **(အပေါ်ပုံ)**



ထိုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းကြောင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ တိုးတက်များပြားလာသော ကျောင်း သား ကျောင်းသူများအတွက် သင်ကြားရေးတွင် ပိုမိုအထောက် အကူရရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လွယ်ဂျယ်စာစစ်ဌာန ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုခြင်း အေးချမ်းစွာပြီးဆုံး

**လွယ်ဂျယ်  မတ်  ၁၈**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့တွင် ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာစစ်ဌာန အသစ်ဖွင့်လှစ်ခဲ့ရာ ဖြေဆိုသူပေါင်း ၇၄ ဦးရှိပြီး မတ် ၁၈ ရက်က အေးချမ်း စွာဖြင့် ပြီးဆုံးသွားခဲ့သည်။

"စာမေးပွဲစတင်ဖြေဆိုခဲ့တဲ့ မတ် ၉ ရက်ကစပြီး ဒီနေ့ပြီးဆုံးတဲ့ ၁၈ ရက်အထိ ကျောင်းသား ကျောင်းသူအားလုံးဟာ ကိုယ့်စာစစ်ဌာနမှာ ဖြေဆိုကြ ရလို့ ပျော်ရွှင်ပြီး တက်ကြွနေပါတယ်။ ယမန်နှစ်ကထက် အောင်ချက်ကောင်း မယ်လို့ မျှော်လင့်ရပါတယ်။ အစအဆုံး စည်းကမ်းတကျနဲ့ အေးချမ်းစွာ ပြီးဆုံးသွားလို့ ဆရာမတို့ ဝမ်းသာရပါတယ်။ ကျောင်းသား ကျောင်းသူတွေ ယခုလိုငြိမ်းချမ်းစွာ ဖြေဆိုနိုင်အောင် နယ်မြေခံတပ်ရင်းမှူး၊ အုပ်ချုပ်ရေးမှူး၊ ကျောင်းအကျိုး တော်ဆောင်၊ နယ်မြေခံရဲစခန်း၊ NGO အဖွဲ့များက ဝိုင်းဝန်း ပူးပေါင်းပြီး လိုအပ်သည်များကို ကူညီပေးခဲ့တဲ့အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ကြီးဟာ လုံခြုံအေးချမ်းစွာနဲ့ ပြီးဆုံးခဲ့ရပါတယ်"ဟု ဆရာမတစ်ဦးက ပြောကြားသည်။

**ရင်ငြိမ်းပန်း (လွယ်ဂျယ်)**

# ရန်ကုန်စတော့အိတ်ချိန်း မတ် ၂၅ ရက် အရောင်းအဝယ်စတင်မည် လိုက်နာရမည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးညွှန်ကြားချက် (၃/၂၀၁၆) ထုတ်ပြန်

**ရန်ကုန်  မတ်  ၁၈**

ရန်ကုန်စတော့အိတ်ချိန်းကို လာမည့် မတ် ၂၅ ရက်တွင် အစုရှယ်ယာ အရောင်း အဝယ်စတင်တော့မည် ဖြစ်ရာ ငွေကြေးခဝါချမှုကိစ္စရပ်များ ကာကွယ်တားဆီးရန် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေး သက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး ဥပဒေအခန်း(၁၃) ပုဒ်မ ၇၁(ခ)အရ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ၊ စတော့ အိတ်ချိန်းနှင့် ကောင်တာဈေးကွက် တို့ လိုက်နာဆောင်ရွက်ရမည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဆိုင်ရာ ညွှန်ကြားချက်(၃/၂၀၁၆) ကို မတ် ၁၁ ရက်က ထုတ်ပြန် ကြေညာခဲ့ကြောင်း သိရသည်။

ငွေချေးသက်သေခံ လက်မှတ် များ လဲလှယ်ရောင်းဝယ်ရာတွင် ငွေကြေးခဝါချမှုအား ကြိုတင် ကာကွယ်နိုင်မည့် အဆင့် နှစ်ဆင့် သတ်မှတ်ထားပြီး ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများသည် အရောင်း အဝယ်ဆောင်ရွက်မည့်စာရင်း ပိုင်ရှင် အား ငွေကြေးခဝါချသည့်ကိစ္စနှင့် သံသယဖြစ်ဖွယ်ရှိလျှင် ငွေချေး သက်သေခံလက်မှတ် လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးသို့ အချိန်မီ သတင်းပို့ရမည်ဖြစ်ကြောင်း၊ ငွေကြေး ခဝါချသည့် အရောင်းအဝယ်ပြုလုပ် ခြင်းဟု စစ်ဆေးတွေ့ရှိပါက ထို အရောင်းအဝယ် ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရမည် ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင် ရန် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၊ စတော့အိတ်ချိန်းနှင့် ကောင်တာဈေးကွက်တို့သည် ဌာန တွင်းစာရင်းစစ်ကဲ့သို့ ဌာနတွင်း သီးခြားအဖွဲ့ထားရှိ၍ စီမံအုပ်ချုပ် ရမည်ဖြစ်ကြောင်း ဖော်ပြထားသည့် ညွှန်ကြားချက် အပြည့်အစုံကို www.secm.gov.mm တွင် ဝင်ရောက် လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုပြီးစီး

**ရေစကြို  မတ် ၁၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ စာစစ်ဌာန ၁၁ ခုတွင် ၂၀၁၅-၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၉ ရက်မှ စတင်ဖြေဆိုခဲ့ကြရာ မတ် ၁၈ ရက်တွင် တည်ငြိမ်အေးချမ်းပျော်ရွှင်စွာ ဖြေဆိုပြီးစီးခဲ့ကြသည်ဟု သိရ သည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရန် ရေစကြိုမြို့နယ်မှ ကျောင်း သား ကျောင်းသူ ပေါင်း ၄၁၃၀ မှ လျှောက်ထားခဲ့ကြရာ ၃၈၇၁ ဦး ဖြေဆိုခဲ့ကြ ပြီး ပျက်ကွက် ၂၅၉ ဦး ရှိခဲ့သည်ဟု သိရသည်။ အဆိုပါ ကျောင်းသား ကျောင်းသူများသည် ရေစကြိုမြို့နယ်အတွင်းရှိ စာစစ်ဌာန ၁၁ ခုတွင် အေးချမ်းစွာ ဖြေဆိုနိုင်ခဲ့ကြသည်ဟု သိရပြီး စာစစ်ဌာန ၁၁ ခု အတွင်းမှ ဆားတောင်စာစစ်ဌာနသည် ယခုနှစ်တွင်မှ အသစ်ဖွင့်လှစ်သည့် ထပ်တိုး စာစစ်ဌာနတစ်ခုဖြစ်သည်ဟု သိရသည်။

ဆားတောင်စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူပေါင်း ၁၄၇ ဦး ဖြေဆိုခဲ့ကြသည်ဟု သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့

ဒေါက်တာသောင်းနိုင်ဦး(သစ်တောသုတေသန)

သက်ရှိလောကနှင့် သဘာဝပတ်ဝန်းကျင်အတွက် သစ်တောများမှ အထောက်အပံ့ပြုသော အကျိုးကျေးဇူးများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကမ္ဘာနှင့်အဝန်းအရှိန်အဟုန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ရည်ရွယ်လျက် ကုလသမဂ္ဂသစ်တောဖိုရမ် (United Nations Forum on Forest-UNFF)က ၂၀၁၃ ခုနှစ်မှ စတင်၍ နှစ်စဉ်မတ်လ ၂၁ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ "International Day of Forests"** အဖြစ် သတ်မှတ်ခဲ့သည်။

မတ်လ ၂၁ ရက်နေ့၌ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အဖြစ် **"သစ်တောများနှင့် ရေ"** ဟူ၍ ဦးတည်ချက်ချမှတ်ထားပြီး အထိမ်းအမှတ်အခမ်းအနားများကို အနှစ်သာရရှိစွာဖြင့် ကျင်းပရန် အားပေးကူညီတိုက်တွန်းလျက်ရှိသည်။ **"ရေလိုအပ်ချက်ဖြည့်ဆည်းဖို့၊ သစ်တောတွေကိုထိန်းကြစို့"** ဟူသော ဦးတည်ချက်ဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်ရန် တိုက်တွန်းခြင်းလည်းဖြစ်သည်။

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ အစားမဖြတ်နိုင်သည့် သဘာဝသယံဇာတဖြစ်သည်။ ထို့ကြောင့် **"ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်"** ဟုဆိုကြ၏။ **"ရွှေကိုမလို၊ ရေကိုသာလိုသည်"** ဟုဆိုကြသည်။ ထို့သို့လူနှင့် တိရစ္ဆာန်များ၊ သက်ရှိများအားလုံးအတွက် မရှိမဖြစ်လိုအပ်သည့်ရေသယံဇာတများနှင့် သစ်တောများ ဆက်စပ်ပတ်သက်မှုကို သိရှိနားလည်စေရန် ယခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် အဖြစ် အဓိကသတင်းစကားများဖြင့် ဖော်ပြထားသည်-

- ❖ သစ်တောများ ဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး **ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်း**ကို ထောက်ပံ့ပေးလျက်ရှိခြင်း၊
- ❖ **ကမ္ဘာ့အကြီးဆုံး မြို့တော်ကြီးများ၏ သုံးပုံတစ်ပုံ**သည် ယင်းတို့အတွက် လိုအပ်သည့် သောက်သုံးရေ ရာခိုင်နှုန်းအများစုကို သစ်တောများ ဖုံးလွှမ်းနေသည့် သဘာဝနယ်မြေများမှ ရရှိခြင်း၊
- ❖ ကမ္ဘာ့လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်သည် ရေရှားပါးမှုပြဿနာများနှင့်ရင်ဆိုင်ရန် အလားအလာများစွာရှိနေပြီး ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ ၂ ဒသမ ၃ ဘီလီယံသည် အလွန်အမင်းရေနည်းမှု၊ ရေရှားပါးပြတ်လပ်မှုဖြစ်နေသော မြစ်များ၏ ရေဝေရေလဲဒေသတွင်သာ နေထိုင်ရနိုင်ခြင်း၊
- ❖ သစ်တောများသည် သဘာဝရေသန့်စက်ကြီးများသဖွယ်ဖြစ်၍ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့်အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်း၊
- ❖ ရာသီဥတုပြောင်းလဲမှုသည် သစ်တောများအပေါ် သက်ရောက်မှုရှိပြီး ထိုမှတစ်ဆင့် ရေလှည့်ပတ်မှုစနစ်များ၊ ရေရရှိနိုင်မှုအခြေအနေများအပေါ် လွှမ်းမိုးသက်ရောက်နိုင်ခြင်း၊
- ❖ စနစ်တကျရေသယံဇာတ စီမံခန့်ခွဲအုပ်ချုပ်ခြင်းဖြင့် စီးပွားရေးအကျိုးအမြတ် များစွာရရှိနိုင်ခြင်း၊ ရေဝေရေလဲဒေသရှိ သစ်တောများ ထိန်းသိမ်းရန် အမေရိကန်ဒေါ်လာ ၁ ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း ရေသန့်စင်ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျမည့် **အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဒေါ်လာမှ ဒေါ်လာ ၂၀၀ အထိ** သက်သာစေနိုင်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် **အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံမှ ၃၀ ဘီလီယံ**ထိ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းဖြင့် နှစ်စဉ် **အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံ**ခန့် ဝင်ငွေရရှိစေနိုင်ခြင်း၊
- ❖ သစ်တောများသည် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြန်လည်ကောင်းမွန်လာစေရေးအတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး သစ်တောများမှ အထောက်အပံ့ပြုသည့် ဂေဟစနစ်ဝန်ဆောင်မှုများ၏ တန်ဖိုးသည် အလွန်များပြားခြင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မြေအသုံးချမှုပြောင်းလဲခြင်းနှင့် သစ်တောများပြုန်းတီးခြင်းကြောင့် ဆုံးရှုံးခဲ့ရသည့် ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးသည် တစ်နှစ်လျှင် **အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ထရီလီယံမှ ၂၀ ဒသမ ၂ ထရီလီယံ** အထိရှိခြင်း။

ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာပေါ်တွင် လူပေါင်းသန်း ၇၀၀၀ ကျော်ရှိသည့်အနက် သန်း ၁၀၀၀ ခန့်မှာ ဘေးကင်းလုံခြုံသည့် ရေကောင်းရေသန့်ကို လုံလောက်စွာသုံးစွဲနိုင်ခြင်းမရှိကြောင်း သိရသည်။ ထို့ကြောင့် ဘေးကင်းလုံခြုံသော ရေကောင်းရေသန့်များ ရရှိရန်နှင့်ကောင်းမွန်သော ရေချိုအရင်းအမြစ်များဖြစ်သည့် ရေဝေရေလဲဒေသရှိ သစ်တောများကို ထိန်းသိမ်းရန် အထူးလိုအပ်လျက်ရှိသည်။ သစ်တောများရှိမှသာ သဘာဝရေဦးရေထွက်များ၊ စိမ့်ရေစမ်းရေများရရှိနိုင်သည်။ သစ်တောများ ပြုန်းတီးခြင်းကြောင့် သဘာဝရေထွက်များ၊ စိမ့်ရေစမ်းရေများ ခန်းခြောက်ပျောက်ကွယ်ကြရသည်။ ရေသယံဇာတသည် သစ်ပင်သစ်တောများမှ အထောက်အပံ့ပြုသည့် အလွန်အဖိုးတန်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

သစ်တောများမှ အထောက်အပံ့ပြုသည့်သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများသည် အလွန်များပြားလှသည်။ အထူးသဖြင့် **"ဥတုရာသီ၊ တောကိုမှီ"** ဆိုသကဲ့သို့ ရာသီဥတုကောင်းမွန်မျှတစေဖို့ သစ်တောသစ်ပင်တွေအပေါ် မှီတည်လျက်ရှိသည်။ သစ်တောများပြုန်းတီးပျက်စီးခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်ရခြင်း၏ အဓိက အကြောင်းအရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ သစ်တောများသည် ကာဗွန်စုပ်ယူသိုလှောင်သည့် သိုလှောင်ကန်များဖြစ်သကဲ့သို့ ကာဗွန်ထုတ်လွှတ်ရာ အရင်းအမြစ်များလည်းဖြစ်သည်။ သစ်တောသစ်ပင်များသည် ကမ္ဘာမြေကိုပူနွေးစေသည့် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုစုပ်ယူ၍ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်၊ အမြစ်တို့တွင် သိုလှောင်ပေးခြင်းဖြင့် သက်ရှိလောကကို အကျိုးပြုလျက်ရှိသည်။ ထို့ကြောင့် သစ်တောများ ပြုန်းတီးပျက်စီးပါက ရာသီဥတုသာမက ရေသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများအားလုံး ဆုံးရှုံးပျောက်ကွယ်ကြရမည် ဖြစ်သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ ယနေ့အချိန်တွင် သစ်တောဖုံးလွှမ်းမှုမှာ ကမ္ဘာ့မြေဧရိယာ၏ ၃၁ ဒသမ ၆ ရာခိုင်နှုန်း(ဟက်တာ ၃၉၉၉ သန်း)ရှိပြီး လူသားများ၏ လုပ်ဆောင်မှုများကြောင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း သစ်တောဧရိယာ (သဘာဝတောနှင့် စိုက်ခင်းများ) ဟက်တာ ၁၂၉ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ အဆိုပါပမာဏသည် တောင်အာဖရိကနိုင်ငံ အရွယ်အစားခန့်ရှိပြီး သဘာဝသစ်တောများကို မှီခိုနေထိုင်ကြရသည့် ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံအတွက် စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။

ယနေ့အချိန်အထိ ကမ္ဘာ့သစ်တောများတွင် အမျိုးသားဥယျာဉ်၊ ဘေးမဲ့တောအပါအဝင်ဥပဒေဖြင့် ဖွဲ့စည်းထားသော ကာကွယ်တောဧရိယာမှာ ကမ္ဘာ့သစ်တောဧရိယာ၏ ၁၃ ရာခိုင်နှုန်းထိသာရှိပြီး ရေမြေထိန်းသိမ်းခြင်းအတွက် ကာကွယ်ထားသည့် သစ်တောများသည် ကမ္ဘာ့သစ်တောဧရိယာ၏ ၂၅ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်နှင့် ရေမြေထိန်းသိမ်းကာကွယ်ရန် သဘာဝနယ်မြေများ၊ အမြဲတမ်းသစ်တောဧရိယာများ တိုးချဲ့ဖွဲ့စည်းရန် အလွန်လိုအပ်သည်။

ယခုအခါ သစ်တောများမှ အထောက်အပံ့ပြုသော အကျိုးကျေးဇူးအမျိုးမျိုးကို သိရှိသဘောပေါက်လာသည့်အလျောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာကွန်ဗင်းရှင်း(United Nations Framework Convention on Climate Change- UNFCCC)၊ ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း(United Nations Convention on Biological Diversity-UNCBD)နှင့် ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention on Combating Desertification-UNCCD)များကလည်း သစ်တောများ၏အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့အပြင် ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှု ထိပ်သီးဆွေးနွေးပွဲ (၂၀၁၄) တွင် သစ်တောများဆိုင်ရာ နယူးယောက်ကြေညာစာတမ်း ထုတ်ပြန်ကြေညာ၍ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ခဲ့သည်ကို တွေ့နိုင်မည်ဖြစ်သည်။ အဆိုပါကြေညာချက်တွင် ကမ္ဘာ့အပူချိန် ၂ ဒီဂရီဆဲလ်ဆီးယပ် လျှော့ချနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှု လုံးဝမရှိစေရေး ရည်မှန်းပြီး ဆောင်ရွက်သွားရန်၊ ၂၀၂၀ ပြည့်နှစ်တွင် တောနိမ့်တောပျက် ဧရိယာဟက်တာ သန်း ၁၅၀ ကို သစ်တောစိုက်ခင်းအဖြစ် တည်ထောင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တောနိမ့်တောပျက် ဟက်တာသန်း ၂၀၀ ကို ပြန်လည်တည်ထောင်ထိန်းသိမ်းရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပြီး အဆိုပါရည်မှန်းချက်များပြည့်မီရေးအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၂ ရက်နေ့အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်များ၏ (၂၁)ကြိမ်မြောက်ညီလာခံ (COP 21) ကလည်း ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် သစ်တောများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခဲ့ပြီး ထုတ်ပြန်ခဲ့သည့် ညီလာခံဆုံးဖြတ်ချက်များနှင့် ပဲရစ်သဘောတူညီချက်တွင် သစ်တောကဏ္ဍကို ထည့်သွင်းရေးဆွဲခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

**"ဥတုရာသီ၊ တောကိုမှီ" ဆိုသကဲ့သို့ ရာသီဥတုကောင်းမွန်မျှတစေဖို့ သစ်တောသစ်ပင်တွေအပေါ် မှီတည်လျက်ရှိသည်။ သစ်တောများ ပြုန်းတီးပျက်စီးခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ ဖြစ်ပေါ်ရခြင်း၏ အဓိကအကြောင်းအရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်**

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့်ခွဲခြားသတ်မှတ်လျက် သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရန် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ သဘာဝသစ်တောများကို ထာဝစဉ်တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ်နေသကဲ့သို့ တောနိမ့်တောပျက်များတွင် သစ်တောစိုက်ခင်းများကို အရှိန်အဟုန်ဖြင့် တည်ထောင်လျက်ရှိသည်။

မြန်မာ့သစ်တောမူဝါဒနှင့်အညီ အမြဲတမ်းသစ်တောနယ်မြေ (Permanent Forest Estate) များ တိုးချဲ့တည်ထောင်လျက်ရှိရာ ယနေ့အချိန်ထိ ဧက ၄၁ ဒသမ ၃ သန်းကျော်ရှိပြီး နိုင်ငံဧရိယာ၏ ၂၄ ဒသမ ၇၉ ရာခိုင်နှုန်းတည်ထောင်ပြီးဖြစ်သည်။ သဘာဝထိန်းသိမ်းရေးနယ်မြေ (Protected Areas) ဧရိယာသည်လည်း ၉ ဒသမ ၆ သန်းကျော်ရှိပြီး နိုင်ငံဧရိယာ၏ ၅ ဒသမ ၇၅ ရာခိုင်နှုန်းရှိနေပြီဖြစ်ပါသည်။ ရေရှည်တွင် အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သည်။ သစ်တောနယ်မြေများ တိုးချဲ့ဖွဲ့စည်းသကဲ့သို့ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း တိုးတက်လာစေရေးနှင့် သစ်တောများ၏ အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပြည်သူဗဟိုပြုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ဧရိယာဧက သုံးသိန်းနီးပါး တည်ထောင်ပြီးဖြစ်သည်။ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းလျာထားချက်နှင့်အညီ ဧက ၂ ဒသမ ၂၇ သန်းထိ တိုးချဲ့တည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့် မြစ်ကြီးများ၊ အင်းတော်ကြီးနှင့် အင်းလေးကဲ့သို့သော ကုန်းတွင်းရေကန်များ၊ ဆည်များ၊ ချောင်းများ၊ ရေကန်များ၏ ရေဝေရေလဲဒေသများရှိ သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လျက်ရှိသည်။

သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်း၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍများနှင့်သာမက ဒေသခံပြည်သူများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ သစ်တောဧက ၂ ဒသမ ၁၈ သန်းကျော် တည်ထောင်စိုက်ပျိုးထားပြီးဖြစ်သည်။ သစ်တောများ၏ ပြင်ပတွင်ရှိသော သစ်ပင်များ (Trees Outside Forest-ToF)ကို တိုးပွားစေရန်လည်း အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

သစ်တောများထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းရာတွင် သစ်တောကဏ္ဍကိုကျော်လွန်၍ ဆက်စပ်ပတ်သက်သော လုပ်ငန်းကဏ္ဍများ၊ ဆက်စပ်ပတ်သက်သူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်။ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ ထို့သို့ ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းပါဝင်လာစေရေးအတွက်-

- ❖ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ ဖလှယ်ခြင်းများ၊ သတင်းကွန်ရက်တည်ထောင်ခြင်း၊
- ❖ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အထိမ်းအမှတ်လှုပ်ရှားမှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့်
- ❖ သတင်းမီဒီယာအမျိုးမျိုးကို အသုံးပြု၍ ဆောင်ရွက်ခြင်း၊ မိတ်ဖက်အဖွဲ့အစည်းအသစ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်း နယ်ပယ်အသစ်များ ချဲ့ထွင်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဝန်ကြီးဌာနအရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဆွေးနွေး

**နေပြည်တော် မတ် ၁၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ **(ယာပုံ)** ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်၊ အမည်နှင့် ပြည်ထောင်စုဝန်ကြီးဦးရေ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့က ဆွေးနွေးကြသည်။



ယနေ့ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၆၅၃ ဦးအနက် ၆၄၃ ဦး တက်ရောက်ခဲ့ကြကာ ၁၀ ဦး ခွင့်တိုင်ကြားခဲ့သည်။

အစည်းအဝေးတွင် **နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်**က ပြည်ထောင်စုအစိုးရ ဖွဲ့စည်းရန်လျာထားသည့် ဝန်ကြီးဌာန ၂၁ ခု ဆိုသည့်အရေအတွက်သည် နိုင်ငံတကာမှ အစိုးရများ၏ ဝန်ကြီးဌာနများ ဖွဲ့စည်းပုံနှင့်နှိုင်းယှဉ်လျှင်လည်း သင့်တင့်သည့် အရေအတွက်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ လူဦးရေ သန်း ၃၂၀ ကျော်ရှိသည့် အမေရိကန်နိုင်ငံတွင် ဝန်ကြီးဌာန ၁၅ ခုဖြင့် ဖွဲ့စည်းထားပါကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း ဝန်ကြီးဌာန ၂၀ နှင့် ဖွဲ့စည်းထားသည်ကို တွေ့နိုင်သကဲ့သို့ စင်ကာပူနိုင်ငံတွင်လည်း ဝန်ကြီးဌာန ၁၇ ခု သာရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဂူ** က ကျန်းမာရေးနှင့် အားကစားကို ပူးပေါင်း၍ရမည်ဟုလည်း ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပေါ်ပေါက်လာခြင်းမှာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၌ ပြဋ္ဌာန်းခဲ့သည့် တိုင်းရင်းသားလူမျိုးများ ကာကွယ်စောင့်ရှောက်ရေးဥပဒေ၏ အသီးအပွင့်ပင်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှင့် ဝန်ကြီးအရေအတွက်ကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မုံရွာမဲဆန္ဒနယ်မှ ဦးသန့်စင်မောင်**က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံထားရသူက ပြည်ထောင်စုအစိုးရဝန်ကြီးဌာန ၂၁ ခုသာ ဖွဲ့စည်းမည်ဟု တင်ပြလာပါကြောင်း၊ ယခုကဲ့သို့ ဖွဲ့စည်းလိုက်မည်ဆိုပါက စွမ်းရည်ထက်မြက်သည့် ဝန်ကြီးဌာနဖြစ်၊ မဖြစ်ကို ပြည်သူလူထုက စိုးရိမ်ပူပန်မှုများ ရှိနေကြပါကြောင်း၊ သို့သော်လည်း အမှန်တကယ်တွင် သင့်လျော်အောင် ဖွဲ့စည်းထားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အချို့ဝန်ကြီးဌာနများ ပူးပေါင်းလိုက်ခြင်းမှာ ယခင်ဖွဲ့စည်းခဲ့သည့်အတိုင်းဖြစ်ပါကြောင်း၊ သို့ရာတွင် သမဝါယမဝန်ကြီးဌာနကို မည်သည့်ဌာနအောက်တွင် ထားမည်ဆိုသည်ကို စဉ်းစားရမည် ဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာန အနေဖြင့် ပြည်ပချေးငွေများရယူပြီး ကျေးလက်ပြည်သူများအား ချေးငွေများကို ထုတ်ပေးနေသည့်အတွက် လုပ်ငန်းချင်းတူသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်တွင် ထားသင့်သည်ဟု အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်**က ဝန်ကြီးဌာနများ လျှော့ချခြင်းကို အလေးအနက် ကြိုဆိုပါကြောင်း၊ ယခုတင်ပြထားသည့် ဝန်ကြီးဌာနများထဲတွင် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနတစ်ခုပါဝင်ပြီး ယခင်က ယင်းဝန်ကြီးဌာန မရှိခဲ့ပါကြောင်း၊ ယင်းဝန်ကြီးဌာနမှာ ယခုမှပေါ်ပေါက်လာမည့် ဝန်ကြီးဌာနဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း၊ လွှတ်တော်သို့ တင်ပြထားသည့် ဝန်ကြီးဌာနစာရင်းများထဲတွင် ဝန်ကြီးဌာနလေးခုခန့် နာမည်မတွေ့ရတော့ပါကြောင်း၊ အဆိုပါဝန်ကြီးဌာနများမှာလည်း ဝန်ကြီးဌာနများ ပေါင်းစပ်လိုက်သည့်အထဲတွင် ပါဝင်သွားသည်ကို သိရပါကြောင်း၊ သို့သော်လည်း မည်သို့ပူးပေါင်းလိုက်သည်ကို နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ အသေးစိတ်သိရှိရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာအောင်သူ**က ဝန်ကြီးဌာနများကို လိုအပ်သလိုပေါင်းစပ် ဖွဲ့စည်းသည့်အတွက် လုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် စွမ်းဆောင်ရည်မြင့်မားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြာမြင့်သည့်အချိန်ကို လျှော့ချနိုင်ခြင်း အကျိုးများကို ရရှိမည်ဖြစ်ပါကြောင်း၊ တိုးချဲ့ဖွဲ့စည်းသည့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနသည်လည်း အမျိုးသား ရင်ကြားစေ့ရေးအတွက် အမှန်တကယ်စွမ်းဆောင်ပေးနိုင်မည့် ဝန်ကြီးဌာနတစ်ခု ဖြစ်ပါကြောင်း၊ ယင်းဝန်ကြီးဌာနက ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး စသည့် နိုင်ငံတော်၏ ဦးတည်ချက်များကိုလည်း ပြည့်ဝစေရန် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ခြင်း၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ အပြန်အလှန်လေးစားရေးကို ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ် ပြီးဆုံးကြောင်းနှင့် ယင်းကိစ္စနှင့်စပ်လျဉ်း၍ မတ် ၂၁ ရက်တွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၁၊ နည်းဥပဒေ ၂၄ တို့နှင့်အညီ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို မတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရန် လျာထားကြောင်း သိရသည်။

ယနေ့လွှတ်တော်အစည်းအဝေးသို့ လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ လေ့လာသူ ၂၉၃ ဦးနှင့် ပန်းတောင်းမြို့နယ် ရွှေပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၆ ဦး စုစုပေါင်း ၃၃၉ ဦး လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ တရုတ်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ



**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ (IDCPC) မှ Deputy Director General Mrs. Rao Huihua ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုတိုးပွားစေ၍ ပစ္စုပ္ပန်နှင့်အနာဂတ် မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဖော်ဆောင်ရန်ဖြစ်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုကို အားပေးထောက်ပံ့သည့် မူဝါဒများရေးဆွဲအကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။

ယခုနှစ်တွင် အယ်နီညိုကြောင့် ရာသီဥတုပိုမိုပူပြင်းခြောက်သွေ့လာဦးမည်ဟု မိုးလေဝသပညာရှင်များက ကြိုတင်သတိပေးထားသည်။ ပူပြင်းခြောက်သွေ့မှုနှင့်အတူ ရေရှားပါးမှုပြဿနာများ၊ နောက်ဆက်တွဲ အကျိုးဆက်များနှင့် ရင်ဆိုင်ကြရဦးမည်ဖြစ်သည်။ ထို့ကြောင့် ရေတိုအတွက် သောက်သုံးရေရရှိရေးအစီအစဉ်များ ကြိုတင်ပြင်ဆင်ရန် လိုအပ်သကဲ့သို့ ရေရှည်အတွက် ရေအရင်းအမြစ်များ၊ ရေဝေရေလဲဒေသရှိ သစ်တောများကို စနစ်တကျထိန်းသိမ်းရန် မဖြစ်မနေလိုအပ်ပေသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဦးတည်ချက်ဖြစ်သည့် **"ရေလိုအပ်ချက်ဖြည့်ဆည်းဖို့၊ သစ်တောတွေကို ထိန်းကြစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏အဓိက ရေဝေရေလဲ ဒေသကြီးများဖြစ်သည့် မြောက်ဖျား ခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဖျား တနင်္သာရီကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်ခြမ်း ရှမ်းတောင်တန်းမှသည် အနောက်ဘက်ခြမ်း ချင်းတောင်တန်းနှင့် ရခိုင်ရိုးမ၊ အလယ်ပိုင်း ပဲခူးရိုးမမှသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဒေသများအထိ သစ်တောများနှင့် ရေဝေရေလဲဒေသများကို ပိုမိုထိရောက်မှန်ကန်သည့်နည်းစနစ်များ၊ လုံလောက်သည့် သွင်းအားစုများဖြင့် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိရောက်သည့် ရေဝေရေလဲသစ်တောများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေအထောက်အပံ့များ၊ နိုင်ငံရေးအရ အားပေး ထောက်ပံ့ကူညီမှုများ၊ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ထိန်းသိမ်းကြရန်လည်း လိုအပ်ပါသည်။

ရေသယံဇာတအပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး တိုးပွားစေရေးအတွက် တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မမှသည် ကြီးမားကျယ်ပြန့်သော နယ်မြေဧရိယာ (Landscape)၊ နိုင်ငံနှင့်အဝန်း စိမ်းလန်းစိုပြည်နေစေရန်နှင့် ရေသယံဇာတအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်ရန် ကျွန်ုပ်တို့ သစ်ပင်စိုက်ကြရပါမည်။ သစ်ပင်စိုက်ပျိုးရန် တိုက်တွန်းအားပေးကြရပါမည်။ သစ်ပင်စိုက်ပျိုးနိုင်ရန် ကူညီကြရပါမည်။ သစ်တောများထိန်းသိမ်းကြရပါမည်။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရပါမည်။ အခြေအနေကောင်းများကို ဖန်တီးပေးကြရပါမည်။

ကျွန်ုပ်တို့အတွက်၊ ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်နှင့် ကမ္ဘာမြေကြီးအတွက်၊ သက်ရှိလောကအတွက်၊ ရေသယံဇာတနှင့် ရေအရင်းအမြစ်များ ရေရှည်တည်တံ့စေရေးအတွက် ကျွန်တော်တို့အားလုံး အသိစိတ်ဓာတ်ကိုယ်စီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလျက် ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော **"အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့"** ကို ဂုဏ်ပြုလိုက်ပါသည်။

**"သက်ရှိလောက တည်မြဲဖို့၊**
**သစ်တောတွေကို ထိန်းသိမ်းစို့"**

◆ ရှေ့မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပူတာအိုမြို့ရှိ ဖုန်ကန်ရာဇိခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု၊ ဆက်လက်ဆောင်ရွက်ပေးမည့်အစီအစဉ်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပူတာအိုဒေသအတွင်း လျှပ်စစ်မီးဖြန့်ဖြူးပေးနေမှုနှင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ လျှပ်စစ်သုံးစွဲနိုင်မှုနှင့် ပိုမိုသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပူတာအိုခရိုင်အတွင်းရှိ ဘာသာရေးအဖွဲ့ ၁၄ ဖွဲ့နှင့် ရိုးရာအဖွဲ့လေးဖွဲ့အား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပူတာအိုခရိုင်အတွင်းရှိ ဘာသာရေးအဖွဲ့နှင့် ရိုးရာအဖွဲ့များအား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဒေသခံ မြို့မိမြို့ဖ ဦးဖုန်ရိမင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက **ငါးနှစ်တာကာလအတွင်း အစိုးရ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှု၊ ပူတာအိုခရိုင်အနေဖြင့် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်သည့် ကဏ္ဍများဖြစ်သော လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးလုံလောက်စွာ ရရှိရေး၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးမှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုရှိရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။**

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပူတာအိုမြို့နယ်အတွင်းရှိ အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက **ပူတာအိုဒေသတစ်ဝိုက်ရှိ ရေအားလျှပ်စစ် အရင်းအမြစ်များနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်ရန် စီမံကိန်းများကို ရွေးချယ်သတ်မှတ်ပေးပြီး ပုဂ္ဂလိကအနေဖြင့် လုပ်ကိုင်နိုင်မည့် စီမံကိန်းလုပ်ငန်းများဖြစ်ပါက ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပေးရန် စသည်ဖြင့် မှာကြားသည်။**

အဆိုပါအထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော်သမ္မတ၏ ၂၀၁၄ ခုနှစ် မတ် ၁၈ ရက် ကချင်ပြည်နယ်ခရီးစဉ်တွင် ပူတာအိုဒေသမချမ်းဘောမြို့အပါအဝင် ဖွံ့ဖြိုးရေးအတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်ဖြင့် အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းသည် ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ နမ့်ထွမ်ချောင်းပေါ်တွင် တည်ရှိပြီး ရေဆင်းဧရိယာ ၄၂ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၁၆၂ လက်မ၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၅၄၀၀၀၊ ရေအမြင့် ၁၄၁ ပေ၊ ရေလွှဲဆည် အလျား ၁၄၁ ပေ၊ အမြင့် ၄၁ ပေ၊ တပ်ဆင်စက်အင်အား ၃ ဒသမ ၂ မဂ္ဂါဝပ်၊ နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ၁၄ ဒသမ ၁၃ သန်းရှိကြောင်းနှင့် ၂၀၁၇ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)သို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများအား စာတွေ့ လက်တွေ့သင်ကြားပို့ချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**

**ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်သည့်ကဏ္ဍများဖြစ်သော လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးမှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုရှိရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်**



# ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်သော အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံတွင် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် (Intangible Cultural Heritage- ICH) များကို လူအများ သိရှိစေရန်နှင့် အနာဂတ်လူငယ် မျိုးဆက်သစ်များအတွက် လိုက်နာသင့်သော စည်းကမ်းချက်များကို သိရှိနိုင်ရန်၊ ထိန်းသိမ်းစောင့်ရှောက်ရမည့် ICH ကို အမျိုးအစားများ သတ်မှတ်ထားသောပုံစံများအတိုင်း စနစ်တကျ စာရင်းကောက်ယူပြီး UNESCO တင်သွင်းနိုင်ရေးရည်ရွယ်၍ ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်း ကောက်ယူခြင်းနှင့်ပတ်သက်သော အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၇ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးသည် ရှည်လျားသည့် သမိုင်းနောက်ခံရှိပြီး မြန်မာ့ယဉ်ကျေးမှုသည် သမိုင်းအစဉ်အဆက် ထူးခြားထင်ရှားစွာ ရှင်သန်ထွန်းကားလျက်ရှိနေပါကြောင်း၊ မိမိတို့ လူမျိုးများသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဟူသော လူ့ယဉ်ကျေးမှု ခေတ်စဉ်များတစ်လျှောက်လုံးတွင် မြန်မာ့မြေပေါ်တွင် ဓားမဦးချလုပ်ကိုင်စားသောက်ကြရင်း အေးအတူပူအမျှ အတူတကွနေထိုင်ကြီးပြင်းလာသူများ ဖြစ်ကြပါကြောင်း။

ကိုယ်ပိုင်အတွေးအမြင်၊ အယူအဆ၊ ကိုယ်ပိုင်အက္ခရာ စာပေအရေးအသား၊ ကိုယ်ပိုင်ဓလေ့စရိုက်ယဉ်ကျေးမှုတို့ဖြင့် ဝင့်ထည်ကြသူများ ဖြစ်ပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများသည် ခေတ်အဆက်ဆက် မျိုးရိုးအစဉ်အဆက် လက်ဆင့်ကမ်းတိုးတက်ပြောင်းလဲ ဖွံ့ဖြိုးလာပါကြောင်း၊ ထိုသို့ လက်ဆင့်ကမ်းလာခဲ့သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိတို့အားလုံးတွင် တာဝန်ရှိပါကြောင်း ပြောကြားသည်။

UNESCO ၏ သတ်မှတ်ချက်အရ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တွင် ဘာသာစကား၊ နှုတ်ပြောအစဉ်အလာဖော်ပြချက်များ၊ ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များ၊ စကြဝဠာနှင့် သက်ဆိုင်သည့် အသိပညာနှင့်ထုံးစံများ၊ ရိုးရာလက်မှုပညာတို့ ပါဝင်ကြောင်းသိရှိရပြီး ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာကွန်ဗင်းရှင်းကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ပါဝင်လာခဲ့ကြောင်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုရာတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို သွင်ပြင်လက္ခဏာ၊ မှတ်တမ်းမှတ်ရာ၊ သုတေသန ထိန်းသိမ်းမှု၊ ကာကွယ်မှု၊ တိုးမြှင့်မှု၊ ပူးပေါင်းမှုတို့ဖြင့် အဖွဲ့အစည်းအားလုံးပါဝင်ပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့်လည်း မြန်မာနိုင်ငံရှိ ထူးခြားသော ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို စာရင်းပြုစုခြင်းနှင့် အမျိုးသားအဆင့်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်ဆိုသည့် လုပ်ငန်းစဉ်တစ်ရပ်ကို ၂၀၁၆ ခုနှစ်အတွက် ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ဒြပ်ရှိယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များသည် တစ်ခုနှင့်တစ်ခု အမှီပြုနေကြပါကြောင်း၊ ယနေ့ခေတ်တွင် ကမ္ဘာ့လုံးဆိုင်ရာ ပတ်သက်ဆက်နွှယ်မှုများ ကြီးထွားလာပြီး ရုပ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများက ယဉ်ကျေးမှုများကိုထိန်းသိမ်းရာတွင် ဒြပ်မဲ့ယဉ်ကျေးမှုများကို အရေးကြီးသောအခန်းကဏ္ဍတစ်ခုအဖြစ် ထိန်းသိမ်းလျက်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာကျင်းပလျက်ရှိရာ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ယူနက်စကိုနှင့် ပူးပေါင်းကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲများအပေါ် သုံးသပ်ခြင်း၊ ICH အခြေခံအကြောင်းအရာများကို ဆွေးနွေးခြင်း၊ ICH ကောက်ယူမည့် ပုံစံနှင့်ပတ်သက်၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အလားတူ အဖွဲ့များဖွဲ့၍ အမျိုးသားပြတိုက်(နေပြည်တော်)က စာရင်းကောက်ယူမည့်ပစ္စည်းများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမျိုးသားပြတိုက်(ရန်ကုန်)က စာရင်းကောက်ယူမည့်ပုံစံခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ဘာလင်အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားမှတ်တမ်းဗီဒီယိုဆု ဆွတ်ခူးရရှိ

**နေပြည်တော် မတ် ၁၈**

International Tourismus Borse -2016 (ITB-2016) ကို မတ် ၉ ရက်မှ ၁၃ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ကျင်းပရာ မြန်မာနိုင်ငံကို ခရီးစဉ်ဒေသတစ်ခုအဖြစ် ဈေးကွက်မြှင့်တင်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အတူ လေကြောင်းလိုင်း၊ ခရီးသွားလုပ်ငန်းကုမ္ပဏီ၊ ဟိုတယ်တို့မှ ကိုယ်စားလှယ် ၇၈ ဦးသည် အဆိုပါပွဲသို့ သွားရောက်၍ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားလုပ်ငန်းပြခန်း ၁၃ ခန်း ခင်းကျင်း၍ ပါဝင်ပြသခဲ့သည်။

မတ် ၉ ရက် ညနေ၌ မြန်မာပြခန်းတွင် Wine Evening ပြုလုပ်၍ ပြပွဲသို့ လာရောက်ကြသောမီဒီယာ၊ ခရီးသွားလုပ်ငန်းမှ မိတ်ဆွေများအား ဖိတ်ကြားဧည့်ခံခြင်းနှင့် မတ် ၁၀ ရက်တွင် နိုင်ငံတကာမီဒီယာများကို ဖိတ်ကြား၍ Myanmar Let the Journey Begin ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း သတင်းအချက်အလက်များ အကြောင်းကို ရှင်းလင်းပြသခြင်း စသည့်ခရီးသွားမြှင့်တင်မှုအစီအစဉ်များကို ပြုလုပ်သည်။

ထို့ပြင် မတ် ၁၀ ရက်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းရုပ်ရှင် ပြပွဲ၊ ပြိုင်ပွဲတွင် ဂျာမနီနိုင်ငံသား ဒါရိုက်တာ




Max Kerkhobb ရိုက်ကူးထားသော "To Be discovered: Kayah State, Myanmar" ကယားပြည်နယ် လေ့လာရေးခရီးစဉ်ဗီဒီယိုတွင် ITB ခရီးသွားပြပွဲ ၂၀၁၆ ခုနှစ်၏ Diamond Award ဆုကို ဆွတ်ခူးရရှိကြောင်း သိရသည်။

ယင်းဗီဒီယိုဖိုင်မှာ နယ်သာလန်နိုင်ငံရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်များမြှင့်တင်ရေး ဗဟိုဌာန (Centre for promotion of imports from developing countries CBI) ၏ ထောက်ပံ့မှု၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Centre- ITC) တို့ ပူးပေါင်းမှုဖြင့် ဆောင်ရွက်နေသော ကယားပြည်နယ် အခြေပြုအားလုံးပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက် (Inclusive Tourism Focusing on Kayah State) ၂၀၁၄-၂၀၁၇ စီမံကိန်း၏ အစီအစဉ်တစ်ရပ်အနေဖြင့် ကယားပြည်နယ်အား ခရီးစဉ်ဒေသ အသစ်တစ်ခုအဖြစ် ဖော်ထုတ်နိုင်ရန် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

"To Be discovered: Kayah State, Myanmar" ဗီဒီယိုကို ဂျာမနီနိုင်ငံသား ဒါရိုက်တာ Max Kerkhobb နှင့် အဖွဲ့ဝင်သုံးဦးသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ မတ် ၃ ရက်အတွင်း မြန်မာနိုင်ငံသို့ လာရောက်၍ ကယားပြည်နယ်နှင့် အင်းလေးဒေသသို့ သွားရောက်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းရုပ်ရှင်ပြပွဲ၊ ပြိုင်ပွဲကို City Tourism, Hotel Region, Economy, Spots and Commercials and TV – Travel magazine စသည့်ခေါင်းစဉ် အမျိုးအစားခြောက်ခုဖြင့် ကျင်းပခဲ့ပြီး နိုင်ငံတကာမှ ခရီးသွားမှတ်တမ်း အမျိုးအစား ဗီဒီယိုပေါင်း ၁၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆန်ခါတင် နောက်ဆုံးအဆင့် ဗီဒီယို ၁၄ ခုထဲမှ ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တစ်ခုဖြစ်ပါတယ်။ ဒီဆိပ်ခံတံတားကို တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် ပြည်တွင်းစက်သုံးဆီဈေးကွက်တည်ငြိမ်ရေးကို အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်" ဟု တင်ဒါအောင်လုပ်ပိုင်ခွင့်ရကုမ္ပဏီ Puma Energy Asia Sun မှ ဒါရိုက်တာ ဦးမျိုးမြင့်အောင်က ပြောသည်။

အဆိုပါကုမ္ပဏီသည် သီလဝါဆိပ်ကမ်းမြေကွက် အမှတ်(၃)တွင် BOT စနစ်ဖြင့် ငှားရမ်းပြီး ကတ္တရာနှင့်ရေနံ ဆက်စပ်ပစ္စည်းများ တင်/ချ ဆိပ်ခံတံတားနှင့် သိုလှောင်ကန်များ တည်ဆောက်ရန် တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ယင်းကုမ္ပဏီက လုပ်ငန်းလုပ်ကိုင်ခွင့်ကာလ ကနဦး နှစ် ၅၀ နှင့် နောက်ထပ် ၁၀ နှစ် နှစ်ကြိမ် စုစုပေါင်း နှစ် ၇၀ BOT စနစ်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသည်။ ယင်းကုမ္ပဏီအနေဖြင့် နှစ်စဉ်မြေငှားရမ်းခအဖြစ် အမေရိကန်ဒေါ်လာ ၃၆၀၀၀၀ ကိုလည်းကောင်း၊ မြေအသုံးချမှု ပရီမီယံကြေး အမေရိကန်ဒေါ်လာ တစ်သန်း တိတိကိုလည်းကောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ ပေးသွားရမည်ဖြစ်ပြီး နှစ် ၇၀ လုပ်ကိုင်ပြီးပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အပြီးအပိုင်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း သိရသည်။

ယင်းကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းများ တင်/ချဆိပ်ခံတံတားသည် မျက်နှာစာ အလျား ၁၆၈ မီတာ၊ အကျယ် ၂၅ မီတာရှိပြီး ချဉ်းကပ်တံတားမှာ ၁၀၁ ဒသမ ၉၆ မီတာ၊ အကျယ် ငါးမီတာရှိကာ တန်ချိန် ၁၅၀၀၀ မှ ၂၅၀၀၀ အထိရှိ ဆီတင်သင်္ဘောကြီးများဝင်ရောက်ဆိုက်ကပ်နိုင်မည်ဖြစ်သည်။ ယင်းဆိပ်ကမ်းတွင် အောက်တိန်း၊ ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့်လေယာဉ်ဆီသိုလှောင်ကန်ကြီးများလည်း တည်ဆောက်ထားရာ စုစုပေါင်း ဂါလန် ၁၅သန်း သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းကုမ္ပဏီက ဆိပ်ခံတံတားအပြင် ချဉ်းကပ်ကွန်ကရစ်တံတားတစ်စင်းအပါအဝင် ယင်းမြေပေါ်တွင်ကတ္တရာ ၇၀၀၀ ကုဗပေ သိုလှောင်ထားနိုင်သည့် သိုလှောင်ကန်သုံးလုံး၊ ရေနံဆက်စပ်ပစ္စည်းများ ၈၃၇၅ ကုဗမီတာသိုလှောင်နိုင်သည့် သိုလှောင်ကန် ရှစ်လုံးနှင့် အခြားလုပ်ငန်း အထောက်အကူပြု အဆောက်အအုံများ ဆောက်လုပ်ထားရာ လာမည့်ဧပြီလတွင် ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ရေနံ တင်/ချဆိပ်ကမ်းမှတစ်ဆင့် မီးရထားဆီလုံးတွဲရထားများဖြင့် အထက်မြန်မာနိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် လည်းကောင်း၊ ဆီတင်ယာဉ် ဘောက်ဆာကားများဖြင့်လည်းကောင်း စက်သုံးဆီများ ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ ရှင်းလင်း

**စစ်တွေ မတ် ၁၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းသူရိယခန်းမ၌ မတ် ၁၈ ရက် နံနက် ၉ နာရီက မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒရှင်းလင်းပွဲ ကျင်းပရာ ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော် ကလေးသူငယ်ဌာနခွဲညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက မူဝါဒဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက မူဝါဒဆိုင်ရာနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆွေးနွေးပွဲတွင် အနာဂတ် မျှော်မှန်းချက် မဟာဗျူဟာများ၊ အကောင်အထည်ဖော်မည့်အဖွဲ့အစည်းများ၊ မူဝါဒဆိုင်ရာမဟာဗျူဟာများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်မာနိုင်ငံ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးစနစ်ဖွဲ့စည်းပုံဇယား၊ ကလေးသူငယ်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှု၊ ကလေးသူငယ်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူးများစသည်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြတ်ဝေ**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ဟုမ္မလင်း မတ် ၁၈**

ဟုမ္မလင်းမြို့နယ် မောင်းခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း အောင်စေတောက်ထွန်းဓမ္မာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ်လဒုတိယပတ်က ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအောင်ကျော်ခိုင်က ကျောင်းသား ကျောင်းသူ ၁၅၀ ကို တစ်ဦးချင်းစီ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

**လင်းလင်း (ပြန်/ဆက်)**



# နိဗ္ဗာနသုခဆုတောင်းပြည့်စေတီတော် ထီးတော်တင်ပွဲကျင်းပမည်

**နေပြည်တော် မတ် ၁၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပညာသိဒ္ဓိရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ ခုနစ်ရက်သားသမီးများကောင်းမှုဖြင့် တည်ထားကိုးကွယ်လျက်ရှိသော နိဗ္ဗာနသုခဆုတောင်းပြည့်စေတီတော်မြတ် ထီးတော်အထွတ်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ၁၃၇၇ ခုနှစ် တပေါင်းလပြည့်နေ့ (၂၀၁၆ ခုနှစ် မတ် ၂၃ ရက်) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်၍ မည်သူမဆို လာရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၂၀၁၆) ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

"တီဘီရောဂါကင်းဝေးဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"

**World TB Day (2016)**

**"Unite to End TB"**

၂၀၁၆ ခုနှစ်၊ မတ်လ (၂၄)ရက် **24th March, 2016**

# လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဝတ္တကနယ်မြေအတွင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်

**ရန်ကုန် မတ် ၁၈**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ် မင်းဓမ္မလမ်း မင်းဓမ္မကုန်းတော်ပေါ် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)၏ ဝတ္တကနယ်မြေအတွင်း ၂၀၁၆-၂၀၁၇ ခုနှစ် တစ်နှစ်တာကာလအတွက် ဝန်ဆောင်မှုလုပ်ငန်းများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ယနေ့ ညနေ ၃ နာရီက ကျောက်တော်ကြီးဘုရား ဂေါပကရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ကျောက်တော်ကြီးဘုရား ဂေါပကအဖွဲ့ တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ တာဝန်ခံ ဦးမောင်မောင်အေးက "ဝန်ဆောင်မှုလုပ်ငန်း ၁၄ မျိုးရှိတယ်။ တစ်မျိုးကို စပေါ်ငွေကျပ် ၁၀ သိန်း တင်သွင်းပြီး ကြမ်းခင်းဈေးနဲ့အညီ အိတ်ပိတ်တင်ထားတဲ့ ၄၅ အိတ်ကို အများရှေ့ ထင်သာမြင်သာ အိတ်ဖွင့်တင်ဒါစနစ်နဲ့ ဖွင့်ဖောက်ကြေညာပေးတယ်။ ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းမှ ဦးရန်မျိုးသိန်း၊ ရွှေဆိုင်းအရောင်းဆိုင်မှ ဦးသူရိန်မင်း၊ တောင်ဘက် သန့်စင်ခန်းလုပ်ငန်းမှ ဦးဝင်းခိုင်၊ အရှေ့ဘက် သန့်စင်ခန်းမှ ဦးစိန်ဝင်း၊(တောင်-မြောက် ယာဉ်ရပ်နားလုပ်ငန်း၊ တောင်-မြောက် မြန်မာ့အနုပညာလုပ်ငန်း၊ တောင်-မြောက် ပန်းအရောင်းဆိုင်လုပ်ငန်းနဲ့ မြောက်ဘက် သန့်စင်ခန်းလုပ်ငန်း) စုစုပေါင်း လုပ်ငန်းခုနစ်မျိုး ဦးနေမျိုးဝင်းက ရပါတယ်။ တင်ဒါရွေးချယ်ခြင်းမခံရပါက တင်ဒါလုပ်ငန်း ပြီးပြတ်ရင် စပေါ်ငွေ ပြန်ထုတ်ပေးမယ်။ တင်ဒါရွေးချယ်ခံရတဲ့ လုပ်ကိုင်ခွင့်ရသူက စပေါ်ငွေခုနှိမ်ပြီး ခုနစ်ရက်အတွင်း တစ်နှစ်စာ ငွေအကျေပေးသွင်းရမယ်" ဟု ပြောကြားသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



# နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၃)၊ အမှတ်(၂) ထုတ်ဝေ

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၃)၊ အမှတ် (၂)ကို ထုတ်ဝေလိုက်သည်။

ယခုဂျာနယ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၏ "Indo-Myanmar Relations"၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်ကြည်၏ "အင်စတီကျူးရှင်း ပြုပြင်ပြောင်းလဲရေး ဘယ်လိုဖြစ်ပေါ်လာနိုင်သလဲ"၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးလှမြင့်၏ နိုင်ငံ့ဝန်ထမ်းဘဝ တာဝန်ထမ်းဆောင်ခဲ့မှုများကို ဖော်ညွှန်းထားသည့် "အမှတ်တရ ပုံရိပ်ကဏ္ဍ"၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း၏ "UNION CIVIL SERVICE BOARD, ITS ROLE AND CHALL-ENGES" ညွှန်ကြားရေးမှူးချုပ် (တာဝန်) ဦးဟန်ညွန့် (ဥပဒေ)၏ "အိုင်စီအက်စ်၊ ဘီစီအက်စ် အိပ်မက်ပုံရိပ်"ဆောင်းပါးများပါဝင်သည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၊ မြို့မဈေး၌ ရွှေမင်းသားစာပေ၊ ပျဉ်းမနား၌ သရဖူစာပေဉယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့၌ အင်းဝ စာအုပ်တိုက်နှင့် စာပေဗိမာန် စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)




# အသွင်သစ်နှင့် မတ်လထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**နေပြည်တော် မတ် ၁၈**

ယခုလထုတ် သုတပဒေသာ စာစောင်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ် အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော မတ်လထုတ် သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။




မတ်လထုတ် သုတပဒေသာ စာစောင်တွင် ဆရာသန့်လွင်ထွန်း၊ သန်းစော(စီပီအေ)၊ ဦးဟန်ညွန့် (ဥပဒေ)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု) တို့၏ "နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ"မျက်နှာဖုံးဆောင်းပါးများ ၊ K.M.A ၊ အေးဖြူ ဟိန်းလတ်၊ မောင်ပေါ်ထွန်း၊ ကြည်မင်းတို့၏ တိုင်းရင်းသားရေးရာနှင့် အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများအပါအဝင် အခြားနာမည်ကြီး စာရေးဆရာများ၏ ဆောင်းပါးများကို ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာ စာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံမှ လည်းကောင်း၊ လက်ကားမှာယူလိုပါက ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့လည်းကောင်း ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# လက်ပံတန်းမြို့နယ်လုံးဆိုင်ရာ မဟာဒုက်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပမည်

**လက်ပံတန်း မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်လုံးဆိုင်ရာ မဟာဒုက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို နှစ်စဉ်ကျင်းပခဲ့ရာ အကြိမ် (၉၀) မြောက် လောင်းလှူပွဲအား မဟာဒုက်ဆွမ်းဆန်စိမ်း ဝေယျာဝစ္စအသင်းရုံး မဏ္ဍပ်၌ ဧပြီ ၆ ရက်တွင် ကျောင်းပေါင်း ၁၄၃ ကျောင်း၊ သံဃာတော်ပေါင်း ၁၀၀၀ ကျော်နှင့် သီလရှင် ဆရာကြီး ဆရာလေးများအား သက်န်း၊ ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် ပဒေသာပင်များကို မဲနှိုက်လှူဒါန်းမည်ဖြစ်သည်။

အကြိုရက်များအတွင်း တရားပွဲများပါ ဆင်ယင်ကျင်းပကာ လောင်းလှူပွဲရက်တွင် မြို့နယ်ဂီတအစည်းအရုံးမှလည်း ဧည့်ခံဖျော်ဖြေမည်ဖြစ်ပြီး အဝေးရောက် မြို့သူ မြို့သားများနှင့် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ပဒေသာပင်တစ်ပင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အသင်းရုံး ဖုန်း-၀၉-၅၃၇၂၁၂၈၊ ၀၉-၄၂၃၇၁၂၂၈၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**အောင်ဆင့်**

# ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရှိ ပြတိုက်များ ပိတ်ရက်သတ်မှတ်ခြင်း အသိပေး

**နေပြည်တော် မတ် ၁၈**

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် အမျိုးသားပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များနှင့် အထိမ်းအမှတ်ပြတိုက်များကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင် ပြတိုက်ပိတ်ရက်များအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

သို့ဖြစ်၍ ၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၄ ရက် (၁၁-၄-၂၀၁၆) ရက် တနင်္လာနေ့တွင် ကျရောက်မည့် မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် တန်ခူးလဆန်း ၄ ရက် (၁၁-၄-၂၀၁၆)ရက်မှ တန်ခူးလဆန်း(၁၃)ရက် (၂၀-၄-၂၀၁၆)ရက် ဗုဒ္ဓဟူးနေ့အထိကိုလည်း ပြတိုက်ပိတ်ရက်များအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

# စာကြည့်တိုက်များ ခိုင်မာရေး အလုပ်ရုံဆွေးနွေး

**မံစီ မတ် ၁၈** ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာတိုးတက်ရေးအတွက် စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၆ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နောင်ဖြူက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထွန်းက စာကြည့်တိုက်ဝန်ဆောင်မှု အလုပ်ရုံဆွေးနွေးပွဲဝန်ဆောင်မှု ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

# အာဆီယံကျွမ်းကျင်မှု ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့ကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ ဖွင့်လှစ်

**ရန်ကုန် မတ် ၁၈**

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ (NSSA) အနေဖြင့် မြန်မာနိုင်ငံရှိ အလုပ်အကိုင်များ၏ လုပ်ငန်းကျွမ်းကျင်မှုများ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ ကျွမ်းကျင်မှု စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ နိုင်ငံတကာနှင့် တန်းတူလိုက်မီစေရန်နှင့် အာဆီယံအဆင့် ကျွမ်းကျင်မှုပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်လျက် ပထမဆုံးအကြိမ် မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ ၂၀၁၆ (Myanmar Skill Competition 2016) ကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။



"ကျွန်တော်တို့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနက ဦးဆောင်တဲ့ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့ (National Skill Standards Authority -NSSA) ဟာဆိုရင် မြန်မာလုပ်သားထုရဲ့ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေဖို့ အလုပ်ရှင်နဲ့ အလုပ်သမားများ အပါအဝင် မြန်မာပြည်သူလူထု အကြားမှာ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ နည်းပညာနဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်တွေနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်သဘောပေါက်စေဖို့ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု(စံ)သတ်မှတ်ချက်တွေကို နိုင်ငံတကာနဲ့ တန်းတူလိုက်မီစေဖို့ရည်ရွယ်ပြီး အခုလို မြန်မာ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု ပြိုင်ပွဲ ၂၀၁၆ ကို အကောင်အထည်ဖော် ကျင်းပရခြင်းဖြစ်ပါတယ်" ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စံသတ်မှတ်ရေးဥက္ကဋ္ဌ ဦးထင်အောင်က ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ မြန်မာကျွမ်းကျင်မှု ပြိုင်ပွဲ ၂၀၁၆ ကို မတ် ၁၇ ရက် နံနက်က ရန်ကုန်မြို့ ဗဟိုဆောက်လုပ်ရေး သင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပခဲ့ရာ အသက်မွေးဝမ်းကျောင်းအလိုက် ကျွမ်းကျင်မှုလုပ်ငန်း ၁၂ မျိုးကို စည်ကားကျယ်ပြန့်စွာ ယှဉ်ပြိုင်လျက်ရှိပြီး ယင်းပြိုင်ပွဲမှ ထူးချွန်သူ လူငယ်ပြိုင်ပွဲဝင်များကို စက်တင်ဘာလတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၁၁) ကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ (11th ASEAN Skills Competition 2016) သို့ စေလွှတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခု မြန်မာကျွမ်းကျင်မှုပြိုင်ပွဲတွင် အုတ်စီခြင်းကျွမ်းကျင်မှုပြိုင်ပွဲ (Brick Laying)၊ ပရိဘောဂလက်သမား ကျွမ်းကျင်မှုပြိုင်ပွဲ (Cabinet Making)၊ ချက်ပြုတ်မှုကျွမ်းကျင်ပြိုင်ပွဲ (Cooking)၊ လျှပ်စစ်တပ်ဆင်ခြင်း ကျွမ်းကျင်မှုပြိုင်ပွဲ (Electrical Installation)၊ အီလက်ထရွန်နစ်ကျွမ်းကျင်မှုပြိုင်ပွဲ (Electronics)၊ စက်နှင့် အီလက်ထရွန်နစ်ကျွမ်းကျင်မှုပြိုင်ပွဲ (Mechatronics)၊ ရေခဲသေတ္တာနှင့် အဲကွန်းကျွမ်းကျင်မှုပြိုင်ပွဲ (Refrigerator & Air-Conditioning)၊ စားသောက်ဆိုင်ဝန်ဆောင်မှုပြိုင်ပွဲ (Restaurant Services)၊ မိုဘိုင်းစက်ရုပ်ပြိုင်ပွဲ (Mobile Robotic) နှင့် ဂဟေဆက်ကျွမ်းကျင်မှုပြိုင်ပွဲ (Welding) တို့ ပါဝင်သည်။ Web Design ပြိုင်ပွဲနှင့် Plumbing & Heating တို့ကို သရုပ်ပြပွဲအဖြစ်သာ ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး ဆုချီးမြှင့်မည်မဟုတ်ကြောင်း သိရသည်။ စုစုပေါင်း ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ ၈၂ ဦးရှိသည်။

အဆိုပါ စံသတ်မှတ်ရေးအဖွဲ့ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင်များအဖြစ် ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိကလုပ်ငန်းရှင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ ပါဝင်ကာ စုစုပေါင်း ၂၉ ဦးနှင့် ၂၀၀၇ ခုနှစ် စက်တင်ဘာလက စတင်ဖွဲ့စည်းခဲ့ပြီး ယခုအချိန်အထိ ကျွမ်းကျင်မှု အလုပ်သမား ၅၉၁ ဦးကို ကျွမ်းကျင်မှုလက်မှတ်များပေးကာ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုးဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း စည်းဝေး

**ပန်းတောင်း မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြို့နယ်စာရေးဆရာအသင်းဝင်များ မျက်နှာစုံညီအစည်းအဝေးနှင့်အမှုဆောင်အသစ်များ ပြန်လည်ရွေးချယ်ပွဲအခမ်းအနားကို မြို့နယ်စာရေးဆရာအသင်းရုံး အလက်ာခန်းမ၌ မတ်လ ဒုတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းဝင် ဦးသိမ်းဟန် (ရဲဟန်-ပန်းတောင်း)က သဘာပတိအဖြစ်ဆောင်ရွက်ကာ အမှုဆောင်အသစ်များ ရွေးချယ်ရာ ဥက္ကဋ္ဌအဖြစ် ဦးငွေဝင်း(မောင်တည် ခိုင်-ပန်းတောင်း)၊ အတွင်းရေးမှူးအဖြစ် ဦးအောင်မြင့်(အောင်မြင့်ကျော်-ပန်းတောင်း)၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးလှကျော်(လှကျော်-ပန်းတောင်း)၊အဖွဲ့ဝင်များအဖြစ် ဦးနေဒူး(ခွန်နဒူး-သနီမြေ)၊ ဦးဝင်းတင်(မောင်မောင် ဝင်းတင်-ရွှေပင်မြေ)၊ ဦးမြင့်ဆွေ(ဆရာဆွေ-ထုံးဘို)တို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **(ဝဇိ၁)**

# မုဒုံမြို့နယ် ဝဲကလိကျေးရွာ ဆိပ်ကမ်းတည်ဆောက်ရေးဆွေးနွေး

**မော်လမြိုင် မတ် ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ် ဝဲကလိကျေးရွာအုပ်စု ကွင်းအမှတ် (၉၀၂) ကော့တာကွင်းရှိ မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကျွန်းနုမြေရှိ မြေ ၄၆ ဧကတွင် Two Fish Co.,Ltd. ကုမ္ပဏီမှ ဆိပ်ကမ်းတစ်ခု တည်ဆောက်၍ ကမ်းလွန်ရေနံလုပ်ငန်းများသို့ ဒီဇယ်နှင့် အခြားလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဖြူး၊ ပို့ဆောင်မည့် ဝန်ဆောင်မှုလုပ်ငန်း Offshore Supply Base လုပ်ငန်း လုပ်ကိုင်မှုနှင့် ပတ်သက်၍ မတ် ၁၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့နှင့် လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ Two Fish Co.,Ltd. မှတာဝန်ခံ ဦးအောင်အောင်နိုင်က ဆိပ်ကမ်းတည်ဆောက်ရေး ခွင့်ပြုချက်ရရှိစေရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) သို့ တင်ပြပေးမည်ဖြစ်ကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းဖြစ်၍ သဘောတူပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး ဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သည်။ **တင်ထွန်း**

# ကောလင်းမြို့နယ်၌ ရေလှောင်ကန်တူးဖော်၍ သောက်ရေသန့်ရရှိ

**ကောလင်း မတ် ၁၈** စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် တောင်ဘို့လှကျေးရွာအုပ်စု အောက်ကျင်းကျေးရွာတွင်၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ပေ ၄၀၀ အနက် လေးလက်မတွင်းအနက်တူးဖော်ခြင်းလုပ်ငန်းကို မတ်လဒုတိယပတ်က ဆောင်ရွက်ခဲ့သည်။

အဆိုပါတွင်းတူးဖော်ခြင်းလုပ်ငန်းကို မီလွန်ကုမ္ပဏီတာဝန်ခံ ဦးကိုလေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဝင်းတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ သောက်သုံးရေတွင်းမှ ရေချိုရေသန့်ကို တောင်ဘို့လှအုပ်စုအောက်ကျင်းကျေးရွာနေပြည်သူများ သောက်သုံးနိုင်ပြီဖြစ်သဖြင့် ကျေးလက်ပြည်သူများက ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# မြစ်ရေတိုက်စားမှုကာကွယ်ရန် ကျောက်စီတမံတည်ဆောက်မည်

**ကနီ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် နတ်ကြီးကျေးရွာအုပ်စု ဝက်ချောင်းကလေးကျေးရွာသည် ပြီးခဲ့သည့်ဩဂုတ်လအတွင်းက ချင်းတွင်းမြစ်ရေ စံချိန်တင်မြင့်တက်ခဲ့၍ ကျေးရွာ၏ ကမ်းပါးများ မြစ်ရေတိုက်စားမှုများဖြစ်ပေါ်ပြီး လူနေအိမ်အချို့ ရွှေ့ပြောင်းခဲ့ရသဖြင့် လာမည့်ရာသီတွင် ချင်းတွင်းမြစ်ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန် အရှည်ပေ ၅၇၀ ရှိ သံခြင်းအခြေပြု ကျောက်စီတမံ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"လာမယ့်ရာသီမှာ ကမ်းပါးပြိုကျတာကို ကာကွယ်ဖို့ သံခြင်းအခြေပြု ကျောက်စီတမံကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က စတင်တည်ဆောက်ခဲ့တာပါ။ တမံအရှည် ပေ ၅၇၀ နှင့် တမံပြင်လျှောဇောက်(စလုတ်)အရှည် ပေ ၄၀ ရှိ သံခြင်းအခြေပြု ကျောက်စီတမံရှေ့မှာ ရေတိုက်စားခံ ထန်းလုံးတိုင်များ အကာအကွယ်စိုက်ထားပါတယ်။ တမံတည်ဆောက်မှုလုပ်ငန်း ၈၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ အခု မတ်လကုန်မှာ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ် " ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ စီမံကိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသ ကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၅၇ ဒသမ ၁၂ သန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းငွေအောင်(ကနီ)**





# ညောင်ပင်သာကျေးရွာ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**မကွေး မတ် ၁၈**

မကွေးမြို့ ညောင်ပင်သာကျေးရွာတွင် မတ် ၁၆ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အိမ်ခြေ ၁၈၂ လုံး မီးလောင်ကျွမ်းခဲ့ပါသည်။ အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် ညောင်ပင်သာကျေးရွာမှ ပြည်သူ ၇၃၈ ဦး မီးဘေးသင့်ခဲ့သည့်အတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို မတ် ၁၇ ရက် ညနေ ၃နာရီက အဆိုပါကျေးရွာ၌ပြုလုပ်သည်။

မီးဘေးသင့်ပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းတို့က အားပေးစကားပြောကြားပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များမှ လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ညောင်ပင်သာကျေးရွာရှိ မီးဘေးသင့်ပြည်သူများအတွက် ရွှေသုခဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၂၀၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အမဲသားဘူး၊ ငါးသေတ္တာ၊ ပဲ၊ ဆား၊ နို့ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူးများနှင့် ဆန်အိတ် ၅၀ ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဝတ်အထည်များ၊ စောင်၊ ခြင်ထောင်၊ ဒန်အိုး၊ ဇလုံများ၊ ဆပ်ပြာနှင့် ရေသန့်ဘူးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက တစ်ကိုယ်ရေသုံးပစ္စည်းများပါဝင်သည့် သေတ္တာများပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါ မီးဘေးသင့်ပြည်သူများကို ညောင်ပင်သာဘုန်းတော်ကြီးကျောင်းတွင် ယာယီမီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**

# ရေရှားပါးသောကျေးရွာများသို့ သောက်ရေ၊ သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိ

**ကော့သောင်း**

ကော့သောင်းမြို့သည် တောင်ကုန်းတောင်စောင်း တစ်လျှောက် တည်ဆောက်ထားသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ နွေရာသီရောက်တိုင်း ကုန်းအမြင့်ပိုင်းနေ ရပ်ကွက်ပြည်သူများ သောက်သုံးရေ ရှားပါးအခက်တွေ့စမြဲဖြစ်ရာ ယခုနှစ်အတွင်း အယ်နီညိုရာသီဥတုဒဏ် ထူးကဲစွာခံစားရသဖြင့် ကုန်းအမြင့်ပိုင်းနေ ရပ်ကွက်တစ်ခုဖြစ်သည့် အောင်သုခကြေးနန်းဝင်း ရပ်ကွက်ပြည်သူများကို မတ် ၁၇ ရက်က မြို့နယ် မီးသတ်ဦးစီးဌာနမှ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ ရပ်ကွက်သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၀၀ ကျော်ခန့်ရှိ တောင်စောင်းတောင်ကုန်းပေါ်တွင် တည်ထားပြီး ရေတွင်းရေကန်များ လုံးဝမရှိသဖြင့် မိုးတွင်း မိုးရေများ စုဆောင်းသုံးစွဲရခြင်း၊ ရေရောင်းချသည့် ပုဂ္ဂလိကရေသယ်ယာဉ်များမှ ဝယ်ယူသုံးစွဲရခြင်းဖြစ်ရာ ယခုရက်ပိုင်းအတွင်း ရေသယ်ယာဉ်များ လိုက်လံရောင်းချပေးနိုင်မှုမရှိသဖြင့် သောက်သုံးရေ အခက်တွေ့ခြင်းဖြစ်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ရေသယ်ယာဉ်များဖြင့် ရပ်ကွက်ပြည်သူများသို့ လိုက်လံဖြန့်ဝေလှူဒါန်းပေးခြင်းဖြစ်သည်။ ဆက်လက်၍ သောက်သုံးရေအခက်တွေ့လျက်ရှိသည့် မြို့ပေါ် အခြားရပ်ကွက်များသို့ ဆက်လက်ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပန်းတောင်းမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများကို စဉ်ဆက်မပြတ် သွားရောက်ဖြန့်ဝေလှူဒါန်းလျက်ရှိရာ မတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် တလုပ်ပင်အုပ်စု ရေတွင်းလှကျေးရွာနှင့် ထိပ်ပေါက်အုပ်စု သဲဖြူကျေးရွာများသို့ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးငွေဇော်နှင့် ဝန်ထမ်းများက မြို့နယ်မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည်။



ရေတွင်းလှကျေးရွာတွင် အိမ်ခြေ ၁၂၀ ကျော်ရှိပြီး လူဦးရေ ၄၅၀ ကျော်နှင့် သဲဖြူကျေးရွာတွင် အိမ်ခြေ ၈၅ ကျော်ရှိပြီး လူဦးရေ ၄၀၀ ခန့်နေထိုင်လျက်ရှိရာ အိမ်ခြေအလိုက် ရေလုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**မြိတ်**

မြိတ်မြို့ အင်္ဂမော်ကျေးရွာအုပ်စု ရင်းတောင်ကျေးရွာ၌ သောက်သုံးရေများ လိုအပ်မှုဖြစ်ပေါ်သဖြင့် မတ် ၁၈ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာနေ ပြည်သူများအား ရေပေးဝေခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေပေးဝေရာတွင် တာဝန်ရှိသူများက ရေဂါလန် ၁၂၅၀ ဆံ့ ကျေးလက်ရေသယ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် နယူးဝါးတားသောက်ရေသန့် တစ်လီတာဘူး ၇၀၀ ကျော်တို့ကို မော်တော်ယာဉ်များဖြင့် အဆိုပါ ရင်းတောင်ကျေးရွာသို့ သွားရောက်ပြီး ယင်းကျေးရွာရှိ သောက်သုံးရေ ဖြန့်ဖြူးသည့် ရေကန်၌ ရေများ ဖြည့်တင်းပေးပြီး သောက်ရေသန့်ဘူးများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးက တောင်သူများအား အချိုးကျ ခွဲဝေပေး ခဲ့သည်။

ရင်းတောင်ကျေးရွာ၌ အိမ်ခြေ ၇၀ ခန့်ရှိပြီး ဒေသခံများသည် လယ်နှင့် ဥယျာဉ်များကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**

# ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု အေသုံးလုံး ဘိလပ်မြေစက်ရုံဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအုပ်စု ကျောက်ချောကျေးရွာကွင်း အေသုံးလုံး ဘိလပ်မြေစက်ရုံဝင်းအတွင်း၌ မတ် ၁၈ ရက် နံနက် ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ အုန်းချောမီးသတ်တပ်ဖွဲ့က သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်တွင် စက်ရုံဝင်းအတွင်း နေထိုင်သူတစ်ဦး၏ ပြောကြားချက်အရ နံနက် ၉ နာရီခန့်က စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်းသိရပြီး ဝန်ထမ်းအိမ်ရာများ လောင်ကျွမ်းသည်ဟု ဆိုသည်။

"ဝန်ထမ်းတွေ အလုပ်သွားချိန်မှာ လောင်ခဲ့တာဖြစ်လို့ ဘာမှမရလိုက်ကြဘူး။ အိမ်ထောင်စု ၄၀ လောက်ရှိမယ်။ ဝန်ထမ်းတွေနေထိုင်ဖို့ ကျောချင်းကပ် ဆောက်ထားတာပါ။ မီးလောင်တော့ ရေကလည်း အဆင်သင့်မရှိတာနဲ့ ဆုံးရှုံးမှုများသွားတယ်" ဟု ယင်းစက်ရုံအတွင်း နေထိုင်သူ ဦးသန်းထွန်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန သတင်းထုတ်ပြန်ချက်များအရ မီးလောင်မှုဖြစ်စဉ်မှာ ဦးအောင်ကျော် (ဘိလပ်မြေအတင်/အချ)အိမ်မှ မီးစတင်လောင်ခြင်းဖြစ်ကြောင်း၊ အိမ်များသို့ သွယ်တန်းထားသည့် နှစ်ပင်လိမ် ဝိုင်ယာကြိုးမှ ရှော့ခ်ဖြစ် လောင်ကျွမ်းခြင်းဖြစ်ပြီး ပေ (၃၆၀ × ၂၀)အကျယ်ရှိ ဝါးကပ်မိုး ထရံကာအိမ်များ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ အုန်းချောမီးသတ်တပ်ဖွဲ့၊ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်တို့က သွားရောက် ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းခဲ့ကြောင်း၊ မီးပေါ့ဆသူ ဦးအောင်ကျော်ကို အုန်းချောနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပညာဒါနသင်တန်းသို့ စာအုပ်နှင့်စာရေးကိရိယာများ လှူဒါန်း

**မန္တလေး မတ် ၁၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မိဌာန်အောင်သာယာရွှေကူဆုတောင်းပြည့်မြတ်စွာဘုရား ဓမ္မာရုံ၌ ရဲရင့်နှလုံးသားပရဟိတလူငယ်အသင်းက ကြီးမှူး၍ ယဉ်ကျေးလိမ္မာဗုဒ္ဓဘာသာအခြေခံနှင့် ကျောင်းသင်ခန်းစာများ နွေရာသီပညာဒါန အခမဲ့သင်ကြားခြင်းကို မတ်လ ဒုတိယပတ်မှစတင်၍ ဖွင့်လှစ်လျက်ရှိရာ သာယာကုန်းရပ်ကွက်၊ ဧရာထွန်း(၁)၊ (၂)၊ သာယာရွှေကူရပ်နှင့် မြစ်အနောက်ဘက်ကမ်းဘေးမှ ကလေးငယ် ၁၈၀ ကျော် တက်ရောက်သင်ကြားနေကြောင်း သိရသည်။

သင်တန်းသို့ မဟာအောင်မြေမြို့နယ်နေ ကိုမင်းမင်းလတ်မိသားစုက ကိုမင်းမင်းလတ်(၄၂ နှစ်)ပြည့် မွေးနေ့အဖြစ် ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ချွန်စက်များကို မတ် ၁၇ ရက်က လာရောက်လှူဒါန်းရာ ဆရာ ဆရာမများက လက်ခံရယူသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# တနင်္သာရီမြို့နယ် ဘဝသစ်ဆင်ဖြူရှင်စခန်း၌ မီးလောင်မှုဖြစ်ပွား

**တနင်္သာရီ မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ထုံခါးကျေးရွာရှိ အမှတ်(၄/၅) ဘဝသစ်ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၌ တာဝန်ခံ ဦးစီးအရာရှိ ဦးအောင်မင်း၏ နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

မီးလောင်မှု ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် တာဝန်ရှိသူများ၊ နယ်မြေခံ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများ စုပေါင်း၍ မီးသတ်ယာဉ်များ၊ ပုဂ္ဂလိကပိုင် ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မီးလောင်မှုကြောင့် နေအိမ်တစ်လုံး၊ ရုံးခန်းတစ်ခန်း၊ ရဲဘက်ဝန်ထမ်းများ၏ အဝတ်အစားများ သိုလှောင်ထားသည့် ဂိုဒေါင်တစ်လုံး၊ အကျဉ်းသားရိက္ခာ ဆန်ဂိုဒေါင်တစ်လုံး၊ စပါးတလင်းဂိုဒေါင် နှစ်လုံး၊ မီးစက်ဂိုဒေါင် တစ်လုံးနှင့်အတူ မျိုးစပါး တင်း ၄၅၀၊ ဆန်အိတ် ၂၀၀ ခန့်နှင့် လုပ်အားရှင်ဝတ်စုံ ၆၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



## မြန်မာ့ရုပ်မြင်သံကြား News Channel

၁၉-၃-၂၀၁၆ (စနေနေ့)

**နံနက်ပိုင်း**

- ၆ း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၉ း ၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀ း ၃၅ - ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေ ရှိစေသည့် အကြောင်းအရာများ ဖွေရှာ
- ၁၂ း ၀၀ - ပြည်တွင်းသတင်း
- ၁၃ း ၁၀ - တစ်ပတ်အတွင်း လွှတ်တော်သတင်းစဉ်

**ညပိုင်း**

- ၁၅ း ၃၅ - Hyper Sport
- ၁၆ း ၃၅ - အလုပ်အကိုင်အခွင့် အလမ်းအစီအစဉ်
- ၁၇ း ၃၅ - ဂျပန်နိုင်ငံ၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသများ **ကီးတောင်တန်း ပေါ်က မြင့်မြတ်သော နေရာများနှင့် ဘုရားဖူးခရီးသွား လမ်းကြောင်းများ**
- ၁၈ း ၁၅ - Graphic Info (Stock Exchange) အခန်း-၄
- ၁၉ း ၁၅ - **ရင်တွင်းရေးပြဿနာ** အပိုင်း-၁ (နိုင်းနိုင်း၊ သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဟိန်းစိုး)
- ၂၀ း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀ း ၃၅ - ပြောင်းလဲလာသော မြန်မာနိုင်ငံရေးလောကနှင့်အမျိုးသမီးများကဏ္ဍ
- ဂီတတံခါးလေးဖွင့်ပါဦး
- **နေမဝင်အလှများ** (ဒေါ်အေးအေးသင်းနှင့် တွေ့ဆုံခြင်း) အပိုင်း-၂

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်း သတင်းနှင့် နိုင်ငံတကာ သတင်းများ ထုတ်လွှင့်ပေးပါသည်။**


**ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9I/5352 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၁၄) ရပ်ကွက်၊ ပန်းဆက်ရပ်ကွက်၊ လမ်းသွယ် ၁၉ လမ်းရှိ အကွက်အမှတ် (၇၅)၊ သပြုချောင်းအနောက်အကွက်၊ ဦးပိုင်အမှတ် (E-၁၆၂၊ E-၁၆၃) ဧရိယာ ၀ ဒသမ ၁၃၈ ဧကရှိ အစိုးရမြေအား ဦးငြိမ်းချမ်းကျော်အမည်ဖြင့် မြေနေရာချထားမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**



# တရားမဝင်တင်ဆောင်လာသည့် သစ်ခွဲသားများ သိမ်းဆည်းရမိ

**ကော့သောင်း မတ် ၁၈**

ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်အနီး မြစ်ဆိပ်သို့ဆင်းရာလမ်းပေါ်မှ မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်တင်ဆောင်လာသည့် သစ်ခွဲသားများ မတ် ၁၇ ရက် နံနက် ၃ နာရီက သိမ်းဆည်းဖော်ထုတ် အရေးယူခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရွှေပြည်သာရပ်ကွက် အပြင်ဘက်မြစ်ဆိပ်သို့ ထွက်ရာလမ်းပေါ်သို့ သစ်ခွဲသားများ တင်ဆောင်ထားသည့် မော်တော်ယာဉ်တစ်စီး ရောက်ရှိနေကြောင်း သတင်းအရ ကော့သောင်းမြို့မ ရဲစခန်းမှ ရဲအုပ်အောင်ဇော်မင်းထွန်း ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ တရားမဝင် တင်ဆောင်လာသည့် ယာဉ်အမှတ် F /-------TOYOTA အမျိုးအစား ခြောက်ဘီးယာဉ်ပေါ်၌ တရားမဝင်တင်ဆောင်လာသည့် သစ်ခွဲသားဆိုက်မျိုးစုံ ငါးတန်ကျော်နှင့် ယာဉ်မောင်းအောင်အောင်ပါ ၁၁ ဦးတို့နှင့်အတူ စစ်ဆေးတွေ့ရှိရသဖြင့် တင်ဆောင်လာသည့် သစ်ခွဲသားများကို သစ်တောဦးစီးဌာနသို့ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယာဉ်ပိုင်ရှင် သစ်ပိုင်ရှင်တို့အား ဆက်လက်ဖော်ထုတ်ကာ ဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဟဲဟိုး၌ နေအိမ်နှစ်လုံး မီးလောင်

**ဟဲဟိုး မတ် ၁၈**

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးမြို့၌ ယနေ့နံနက် ၁၀ နာရီခန့်က လယ်ခေါင်းကျေးရွာနေ အိမ်ရှင် ဒေါ်နန်းအုံး၏ (၂၄×၁၆)ပေ သွပ်မိုး၊ ထရံကာ၊ ဝါးခင်းနေအိမ်၌ သားဖြစ်သူ ကိုဖိုးကြီးက အရက်မူးကာ မိခင်နှင့်စကားများ ရန်ဖြစ်ပြီး မိခင်အား ဓားဖြင့်ထိုး၍ ပုဆိုး၊ အိပ်ရာခင်းတို့ကို မီးရှို့ရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် ဟဲဟိုးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ အောင်ပန်းနယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ စည်ပင်မှ ရေသယ်ယာဉ်တစ်စီး၊ သန္ဓေ ၁၀ ဦး၊ အရန် ၁၀ ဦးတို့ဖြင့် သွားရောက်ငြိမ်းသတ်ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် (၂၄×၁၆)ပေ သွပ်မိုး၊ ထရံကာ၊ ဝါးခင်းနေအိမ်တစ်လုံးနှင့်ဘေးရှိ (၁၆×၂၄)ပေ သွပ်မိုး၊ ထရံကာနှစ်ထပ်နေအိမ်၏ အပေါ်ထပ်နှင့် ဘေးအကာများပါ မီးလောင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ကိုဖိုးကြီးမှာ မီးလောင်သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။

**(မြန်မာ့အလင်း)**

# ပြင်ဦးလွင်မြို့၌ ပေါက်ကွဲမှုဖြစ်ပွား



**ပြင်ဦးလွင် မတ် ၁၈**

ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ရပ်ကွက်ကြီး(၁၆) စည်သာကျေးရွာနေ အိမ်ပိုင်ရှင် ဒေါ်ခင်မျိုးတင့်က လွန်ခဲ့သည့် ဇန်နဝါရီလမှ စတင်၍ ငှားရမ်းထားသော နေအိမ်၌ မတ် ၁၈ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စည်သာကျေးရွာနေ ဦးစိုးလွင်က အိမ်ငှားရမ်းပေးထားသူ နိုင်ငံခြားသား တရုတ်နိုင်ငံသား သုံးဦးနှင့် မြန်မာမှတ်ပုံတင်ကိုင်ဆောင်သော ရန်ကုန်မြို့နေ တရုတ်နိုင်ငံသား တစ်ဦးပေါင်း အမျိုးသားလေးဦး၊ ထမင်းချက်လီဆူး အမျိုးသမီးနှစ်ဦးတို့နေထိုင်သည့် ယင်းနေအိမ်၌ ကျောက်မိုင်းခွဲသည့်နေရာတွင် အသုံးပြုသည့်ပစ္စည်းများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်နိုင်ကြောင်း ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် နေအိမ်အမိုး မျက်နှာကြက်များ၊ မှန်ပြတင်းပေါက်များ ပျက်စီးခဲ့ပြီး တရုတ်နိုင်ငံသား သုံးဦး(တစ်ဦးစိုးရိမ်ရ)တို့မှာ ပြင်ဦးလွင်ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသလျက်ရှိပြီး ပေါက်ကွဲစေနိုင်သည်ဟုယူဆရသည့် ဆက်စပ်ပစ္စည်းများကို နယ်မြေခံအင်ဂျင်နီယာတပ်မှ လာရောက်စစ်ဆေးသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# တူမီးသေနတ်ယမ်းပေါက်ကွဲ၍ ဒဏ်ရာရရှိ

**မော်လမြိုင် မတ် ၁၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မိုးဘောကျေးရွာအုပ်စု ချောင်းစောက်ရွာသစ်နေ စောကယ်မူသောသည် မတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီက နေအိမ်မီးဖိုချောင် ကျပ်ခိုးစင်၌ တင်ထားသည့် ၎င်းပိုင် တူမီးသေနတ်ကို တောလည်ထွက်ရန် ဆွဲယူစဉ် သေနတ်ကျည်ရိုက်တံ သံချောင်းနှင့် သစ်သားစွန်းတို့ချိတ်မိပြီး ယမ်းပေါက်ထွက်၍ ၎င်း၏ရင်ဘတ်ကို ဖောက်ဝင်ကာ ကျောဘက်မှ ဖောက်ထွက်သည့် တူမီးသေနတ်ဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး သိမ်ဇရပ်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ လိုင်စင်မရှိဘဲ တူမီးသေနတ်ကိုင်ဆောင်သူ စောကယ်မူသောအား သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ထွဋ်**

# ရေနံချောင်းမြို့၌ ကျောင်းသားတစ်ဦး ဓားထိုးခံရ

**ရေနံချောင်း မတ် ၁၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ တက္ကသိုလ်ဝင်တန်းအပြင်ဖြေကျောင်းသား တစ်ဦးအား လူတစ်ဦးက အကြောင်းမဲ့ဓားထိုးမှု မတ် ၁၆ ရက်က ဖြစ်ပွားခဲ့ကြောင်း နယ်မြေခံရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၆ ရက် ညနေ ၅ နာရီက ဦးဖိုးရှုတ် (၅၂နှစ်) ဆုံတိုက်ရပ်ကွက် ရေနံချောင်းမြို့နေသူသည် နေအိမ်၌ ရှိနေစဉ် ၎င်း၏သားဖြစ်သူ ကောင်းထက်ပိုင် (၂၀ နှစ်) တက္ကသိုလ်ဝင်တန်းအပြင်ဖြေသည် ရေနံချောင်းမြို့ သစ်တပွေရပ်ကွက် ကုန်းမြင့်သာရပ် မီးကင်းတဲအနီးလမ်းထိပ်၌ ခိုက်ရန်ဖြစ်ပွားပြီး ရေနံချောင်းပြည်သူ့ဆေးရုံသို့ ရောက်ရှိနေကြောင်း သိရှိရ၍ ကောင်းထက်ပိုင်အားမေးမြန်းခဲ့ရာ ၎င်းအား လူနှစ်ဦးက မျက်နှာချင်းဆိုင်ကြည့်မိစဉ် တစ်ဦးက အကြောင်းမဲ့ဓားနှင့်ထိုးသဖြင့် ကောင်းထက်ပိုင်တွင် (စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ပြီး ရေနံချောင်းဆေးရုံမှ မကွေးဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

**ကျော်ဇေယျ**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၆ ရက်က လားရှိုးမြို့ လားရှိုး-မန္တလေးသွားလမ်း ကွန်ပျူတာတက္ကသိုလ်ရှေ့၌ ယာဉ်အမှတ် 8C/----- လိုက်ထရပ်ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် မောင်အေးသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၈၇၇၅ ပြားနှင့် မင်းမင်းသယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀ တို့ သိမ်းဆည်းရမိသည်။

အလားတူ မတ် ၁၀ ရက်က ကွတ်ခိုင်မြို့ ရပ်ကွက် (၈) ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းမပေါ်၌ မင်္ဂါးမာစီး(ခ)ယီကျားကျိန် မောင်းနှင်ပြီး မယီတီ(ခ)အားတီ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## ပျောက်ဆုံးကြောင်း



ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ စိန်မေတ္တာလမ်းမ၊ ၂၂နေ ဦးသန်းဝင်း-ဒေါ်စန္ဒာဝင်းတို့၏သမီး မအိန္ဒြေသန်းဝင်း(ခ) မအိတုံ အသက်(၁၅)နှစ်သည် ၄-၃-၂၀၁၆ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-**
**၀၉-၄၂၁၀၂၆၈၅၂၊**
**၀၉-၂၅၄၀၆၄၆၁၈၊ ၀၉-၇၃၀၀၆၃၂၃**

## လှူဒါန်းခြင်း



ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်း၊ Office Tower နေ (ဦးသာထွန်း)အား ရည်စူး၍ ဒေါ်တင်မေ(Stars Empire)မိသားစုမှ အလှူငွေကျပ် ၁၀သိန်းနှင့် ဒေါ်ဥမ္မာထွန်း(Stars Empire)၏ မွေးနေ့အဖြစ် အလှူငွေကျပ်ငါးသိန်းတို့အား လှူဒါန်းရာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအုံးမြင့်နှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့မှ လက်ခံယူပါသည်။

## ချင်းပြည်နယ်ဥပဒေချုပ်ရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်ဥပဒေချုပ်ရုံး၊ ဟားခါးမြို့၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ် ဥပဒေချုပ်ရုံး ဝန်ထမ်းအိမ်ရာနှစ်လုံး၊ ဟားခါးမြို့နယ် ဥပဒေရုံး ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ဖလမ်းမြို့နယ် ဥပဒေရုံး ဝန်ထမ်းအိမ်ရာ တစ်လုံး၊ မင်းတပ်မြို့နယ် ဥပဒေရုံးဝန်ထမ်းအိမ်ရာ တစ်လုံးတို့အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းများဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၃-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၃၁-၃-၂၀၁၆ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ချင်းပြည်နယ်ဥပဒေချုပ်ရုံး၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၂၅၂၀၊ ၂၁၁၀၀၊၂၁၁၂၀**

## တရားဝင်ဇနီးဖြစ်ပါကြောင်း

ဗန်းမော်မြို့၊ သာစည်ရပ်ကွက်နေ ဦးမောင်ကို၏သမီးဖြစ်သူ ဒေါ်မကြီးနှင့် ဦးစိန်ဖေတို့သည် ၁၉-၁၂-၇၆ ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့သည်မှာ အနှစ် ၄၀ ခန့်ရှိပြီး ဖြစ်ပါသည်။ ဦးစိန်ဖေသည် ၁၂-၆-၉၈ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ယနေ့အထိ ဒေါ်မကြီးသာလျှင် ဦးစိန်ဖေ၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မကြီး**
**၁/ဗမန(နိုင်)၀၀၅၃၄၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/5303 Toyota Probox S/W(4×2) ယာဉ်လက်ဝယ်ရှိသူ SHWE WAH YAUNG မှတ်ပုံတင်အမှတ် - AGRICULTURE PRODUCTION Co.,Ltd. မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲထက်လွင် (CDC -63267)၏ သင်္ဘောသားလက်မှတ် (TF -21672/07)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၅၅၉၀၄၄**

## ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/သမိုင်း၊ မြေကွက်အမှတ် ၁၁၈၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ် ၅၆၊ မင်းဓမ္မလမ်း၊ဦးဘထွန်းအမည်ပေါက် H လိုင်စင်မြေအား အမည်ပေါက် ဦးဘထွန်းကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်မြကြည်ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ် (၆-၃-၁၉၉၃)ဖြင့် ဦးအေးကျော်က ပိုင်ဆိုင်လာပြီး ဦးအေးကျော်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် (၇-၁၀-၂၀၀၀) ၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၉၃/၂၀၀၂)၊ ဇာ ရီမှုအမှတ် (၆၁/၂၀၀၂)တို့ဖြင့် ဦးညီအောင်က ပိုင်ဆိုင်လာပါသည်။ ဦးညီအောင်၏ GP(၁၂၄၉၈/၂၀၁၅)၇-၁၂-၂၀၁၅ရရှိသူဦးကိုကိုအောင်ဌေးထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် (၂၂-၁၂-၂၀၁၅)ဖြင့် ဦးဝင်းအောင် ၅/ကဘလ(နိုင်)၁၉၁၂၀၀ကပိုင်ဆိုင်လာပြီးအရပ်ကတိအရောင်းအဝယ်စာချုပ်၊တရားရုံးအထောက်အထား၊ GP/အထောက်အထားတို့တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1263 Toyota Aristo JZS 160 S/L(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဆက် ၁၂/ပဇတ(နိုင်)၀၃၂၅၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/1091 Hyundai PORTER II Pick up(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစောသန်းနိုင်ထွန်း ၁၂/လကန(နိုင်)၁၈၇၅၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

❖ ကျော်ဖုံးမှ

"အခုလိုအနိုင်ရရှိတာဟာ ကျွန်တော်နိုင်တာမဟုတ်ပါဘူး။ မြန်မာလူမျိုးတွေနိုင်တာလို့ ပြောချင်ပါတယ်။ အခုလိုမြန်မာပရိသတ်ကြီး အားပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ပွဲမစခင်က ပရိသတ်တွေက နာမည်ခေါ်ပြီး အားပေးတာကို သတိထားမိပေမယ့် မတုံ့ပြန်ဖြစ်ခဲ့ပါဘူး။ ဒီပွဲနိုင်ဖို့ အတွက်ပဲ စိတ်နှစ်ထားနေရလို့ပါ။ ပြိုင်ဘက်ကို ဂျူဂျစ်စုနည်းနဲ့ အနိုင်ယူနိုင်ခဲ့တာပါ"ဟု အောင်လအန်ဆန်က ပြောသည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA) ပြိုင်ပွဲကြီးတွင် မြန်မာရိုးရာလက်ဝှေ့ သမားများ ယှဉ်ပြိုင်ထိုးသတ်သည့် လက်ဝှေ့တွဲဆိုင်း ငါးဆိုင်း၊ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA) တွဲဆိုင်း ငါးဆိုင်း စုစုပေါင်း ၁၀ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ပြိုင်ပွဲတွင်ပထမပွဲစဉ်အနေဖြင့် မြန်မာ့ရိုးရာလက်ဝှေ့သမားများဖြစ်သည့် ရဲရင့်အောင်နှင့် စန်းသူဦးတို့ယှဉ်ပြိုင်ထိုးသတ်ရာ ရဲရင့်အောင်က ပထမအချီမှာပင်အနိုင်ရခဲ့ပြီး ဒုတိယပွဲစဉ် ကျော်ကြားနှင့် သားအသည်းတစ်ပွင့် ပွဲသည်လည်း ပထမအချီ၌ပင် သားအသည်းတစ်ပွင့်က အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ တတိယပွဲစဉ်ကို ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA)ကစားသမားများ ဖြစ်သည့် ဩစတြေးလျနိုင်ငံသား Jordan Lucas နှင့် ဖိလစ်ပိုင်နိုင်ငံသား Edward Kelly တို့ယှဉ်ပြိုင်ထိုးသတ်ရာ Edward Kelly က အနိုင်ရခဲ့ပြီး စတုတ္ထပွဲစဉ်ဖြစ်သည့် ဖိုးသော်နှင့် စောအယ်လေးပွဲတွင်လည်း ပထမ အချီ၌ပင် ဖိုးသော်က အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ပဥ္စမမြောက်ပွဲတွင် ဘရာဇီးနိုင်ငံသား Alex Salever နှင့် ဖိလစ်ပိုင်နိုင်ငံသား Robin Catalan တို့ယှဉ်ပြိုင်ထိုးသတ်ရာ ဖိလစ်ပိုင်နိုင်ငံသား Robin က အသာစီးဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ဂျူဂျစ်ဆုနည်းကို ပိုင်ဆိုင်ထားသော ဘရာဇီးနိုင်ငံသားကပင် အနိုင်ယူခဲ့သည်။

တစ်ဖန် ယခင်နှစ်ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ (MMA) ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့သမားများတွဲဆိုင်းများတွင် ထပ်ဆင့်အောင်နိုင် ချန်ပီယံဖြစ်ခဲ့သော သွေးသစ်အောင်နှင့် ကြယ်လင်းအောင်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ကြယ်လင်းအောင်က တတိယအချီတွင် အနိုင်ရခဲ့ပြီး တစ်ဖန် ယခင်နှစ် ချန်ပီယံသပြေညိုနှင့် ကြယ်စင်ဖြိုးတို့ပွဲတွင် ချန်ပီယံဟောင်း သပြေညိုက ဒုတိယအကြိမ် အောင်သူဖြစ်လာခဲ့သည်။ ကျန်ပြည်ပ ပွဲစဉ်များဖြစ်သည့် နယ်သာလန်နိုင်ငံသား Anthony Engelen နှင့် စင်ကာပူနိုင်ငံသား Christian Lee တို့ ယှဉ်ပြိုင်ထိုးသတ်ရာ Christian Leeကလည်းကောင်း၊ တစ်ဖန်ဖိလစ်ပိုင်နိုင်ငံသား Eugene Toquero နှင့် ဘရာဇီးနိုင်ငံသား Adriano Moraes တို့ပွဲတွင်လည်း Adriano Moraes က အနိုင်ရခဲ့သည်။

နောက်ဆုံးပွဲစဉ်ဖြစ်သည့် မြန်မာစပါးကြီးမြွေအောင်လအန်ဆန်နှင့် အီဂျစ်နိုင်ငံသား မိုဟာမက် အလီတို့ပွဲတွင် အောင်လအန်ဆန်က ပထမအချီ၌ပင် ဂျူဂျစ်ဆုနည်းဖြင့် မိုဟာမက်အလီကို အောင်နိုင်ခြင်းဖြင့် မြန်မာပရိသတ်များ ဂုဏ်ယူဝမ်းမြောက်စေခဲ့သည်။



အောင်လအန်ဆန်က မိုဟာမက်အလီကို အမိအရ ဖမ်းချုပ်ထားစဉ်။

## ၂၀၁၆ ခုနှစ် နွေရာသီ အားကစား သင်တန်းများဆင်းပွဲ အခမ်းအနားကျင်းပ

ထားဝယ် မတ် ၁၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးအဆင့် နွေရာသီအားကစားသင်တန်းများ ဆင်းပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ သစ်တောနှင့်သတ္တုဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး အားကစားသင်တန်းနည်းပြဆရာများအား ဂုဏ်ပြုလက်မှတ်ကို ဆက်လက် ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ဌေး က သင်တန်းသား၊သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းကို ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၂၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



# လီဗာပူးတို့ နှစ်ကျော့ပေါင်းရလဒ်ဖြင့် မန်ယူကိုနိုင်ပြီး ယူရိုပါလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့နောက်ဆုံးပွဲစဉ်များကို မတ် ၁၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်ကလပ်နှစ်သင်းတွေ့ဆုံမှုဖြစ်သော မန်ယူနှင့်လီဗာပူးပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး နှစ်ကျော့ပေါင်း ရလဒ် သုံးဂိုး-တစ်ဂိုးဖြင့် လီဗာပူးအသင်း ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ပထမအကျော့တွင် အန်ဖီးလ်ကွင်း၌ လီဗာပူးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။ ယနေ့ပွဲ မန်ယူအိမ်ကွင်း၌ နည်းပြ ဗန်ဟားလ်သည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ခဲ့ပြီး လီဗာပူးအသင်းက ၄-၄-၁-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းပွဲချိန် ၃၂ မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး မာရှယ်ကသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၅ မိနစ်တွင် ကော်တင်ဟိုက လီဗာပူးအတွက် ချေပဂိုးသွင်းယူခဲ့သည်။ **(အပေါ်ပုံ)** ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ထပ်မံဂိုးမသွင်းနိုင်ဘဲ နှစ်ကျော့ပေါင်းရလဒ်ဖြင့် မန်ယူအသင်း ယူရိုပါလိဂ်မှ ထွက်ခွာခဲ့ရသည်။

| | | | |
|---|---|---|---|
| **လေဗာကူဆင်** | ၀-၀ | **ဗီလာရီးရဲလ်** | (ပ-ကျော့ ၀-၂) |
| **ဗလင်စီယာ** | ၂-၁ | **ဘီလ်ဘာအို** | (ပ-ကျော့ ၀-၁) |
| **လာဇီယို** | ၀-၃ | **စပါတာပရပ်** | (ပ-ကျော့ ၁-၁) |
| **အန်ဒါလက်ချ်** | ၀-၁ | **ရှက်တာဒိုးနက်** | (ပ-ကျော့ ၁-၃) |
| **ဆီဗီလာ** | ၃-၀ | **ဘေဆယ်** | (ပ-ကျော့ ၀-၀) |
| **စပါး** | ၁-၂ | **ဒေါ့မွန်** | (ပ-ကျော့ ၀-၃) |
| **ဘရာဂါ** | ၄-၁ | **ဖီနာဘာချီ** | (ပ-ကျော့ ၀-၁) |

**သီဟ**

✻ *ကျော်ဖုံးမှ*

ဘီလ်ဘာအိုနှင့် စပိန်ကလပ်ဆီဗီလာ၊ ဂျာမန်ကလပ် ဒေါ့မွန်အသင်းနှင့် အင်္ဂလန်ကလပ် လီဗာပူးအသင်းတို့ တွေ့ဆုံကြသည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၇ ရက်တွင် ပထမအကျော့အဖြစ် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၄ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲကို မေ ၂၈ ရက်တွင်အီတလီနိုင်ငံ မီလန်မြို့ ဆန်စီရိုကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယူရိုပါလိဂ်ဗိုလ်လုပွဲကို ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့ ဂျက်ကော့ပက်ခ်ကွင်း၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**






## OMK Fashion School တန်းခွဲသစ်
## APRIL 1 to 9

A Class For Baby's Wear ၊ ဂါဝန်ပုံစံအမျိုးမျိုး၊ ချည်သား၊ ပိုးသား၊ ဆွဲသားအမျိုးမျိုး အသုံးပြုပုံ၊ ဂျာကင်၊ ဘောင်းဘီ၊ တီရှပ်၊ Level 1 ဘလောက်၊ Level 2 စကပ်၊ ကုတ်၊ ဘောင်းဘီ၊ ဂါဝန်၊ Level 3 ထိုင်မသိမ်း၊ Evening dress၊ Wedding dress၊ ပွဲတက်ဝတ်စုံ အတန်းအမျိုးမျိုး၊ အမျိုးသားဝတ်အမျိုးမျိုး၊ ဖုန်း-၀၁-၅၁၆၀၁၅၊ ၀၉-၇၃၀၁၆၇၄၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 1J/2599 Toyota Alphard GGH 20L Micro Bus(4×2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယေ့နပ် ၁၃/တယန(နိုင်)၀၅၅၄၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် မမ-၁၂၊ ဦးပိုင်အမှတ် ၄၁၊ ၅၂×၅၃ကြား၊ ဂန္ဓမာ× ယုဇနလမ်းကြားရှိ ဦးခင်မောင်ညွန့် အမည်ပေါက် တောဂရန်မြေကွက်အား အစ်ကိုဖြစ်သူ ဦးခင်မောင်ညွန့် (လူပျိုကြီးဘ၀) ကွယ်လွန်သဖြင့် ကျန်ရစ်သော ညီဖြစ်သူ ဦးအောင်မင်းကြည် ၉/မရတ(နိုင်)၀၃၆၃၈၄မှ တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

ဖြူးမြို့နယ်၊ ခရေးလမ်းကျောင်း၊ တတိယတန်းမှ မောင်ထက်နိုင်အောင်၊ မောင်ကောင်းမြတ်မင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့်စိုး ၇/ဖမန(နိုင်)၀၀၂၅၈၀ ဖြစ်ပါကြောင်း။ **ဦးအေးမြင့်စိုး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၇၈/၁၂၅၄၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း၏ စီမံကိန်းဆိုင်ရာ တည်ဆောက်မှုလုပ်ငန်းများအား နိုင်ငံတော်နှင့် ပြည်တွင်း တိုင်းရင်းသားကုမ္ပဏီတို့ပူးပေါင်းပါဝင် ဆောင်ရွက်သောစနစ် အခြေခံ၍ အကျိုးတူဆောင်ရွက်သွားလိုပါသဖြင့် တင်ဒါရောင်းချသည့်ကာလအား အောက်ပါအတိုင်း တိုးမြှင့်လိုက်ပါသည်။

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၂၂-၃-၂၀၁၆ ရက် ၁၆:၃၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀၀)ကျပ်နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ် ၀၆၇-၈၁၀၄၁၈၄**

ဓမ္မပိတ်ငသွေများ၏တောင်းဆိုချက်အရ (၃)ကြိမ်ပြန်လည်ရိုက်နှိပ်သော

## တရားအားထုတ်ခြင်းအကြောင်း သိကောင်းစရာ ဆွေးနွေးချက်များ
## ဦးကျော်ဇေယျ

ထွက်ရှိနေပါပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/4029 Nissan March Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်မင်း ၁၂/စခန(နိုင်)၀၆၅၁၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## "ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်သွင်းကြေငြာခြင်း"

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ်(စီ/၅၂)တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော LAND LORD HOTEL CO., LTD. က ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

"ကုန်အမှတ်တံဆိပ်အမည်အသား"




LAND LORD HOTEL CO., LTD. မှ "Golden Pot"Pure Vegetabel Cooking Oil, Rich In Vitamin A, D & E ဟူသော အထက်ပါ ကုန်အမှတ်တံဆိပ်အမှတ် အသားဖြင့် သန့်စင်ပြီးသော ဟင်းသီးဟင်းရွက်ဆီကို အရောင်အမျိုးမျိုး အရွယ်အစားအမျိုးမျိုး ဒီဇိုင်းအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍ ကပ်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီ၏မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှ တစ်ပါး အခြားသူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အားလုံးဖြစ်တိုက်ရိုက်ဖြစ်စေ၊ ပုံတူပုံမှား ထင်ယောင်မှားဆင်တူယိုးမှားတုပပြုလုပ် သုံးစွဲနေသူများကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှု ဆုံးရှုံးကုန်ကျစရိတ်အတွက် လျော်ကြေးငွေများတောင်းဆိုသွားရန် မည်သည့်တရားရုံးတွင်မဆို တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ် တံဆိပ်အမည်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

ဦးထင်အောင် (စဉ်-၃၀၇၈)
ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀)
ဒေါ်ထွေးထွေးရင် (စဉ်-၈၀၂၄)
တရားလွှတ်တော်ရှေ့နေများ

ဒေါ်ဟေမာနှင်းဦး (စဉ်-၃၅၆၅၆)
အထက်တန်းရှေ့နေ

ရုံး- အမှတ်(၈၃)၊ အခန်း(၁၁)၊ (ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၄၀၆၄၀၆၊ ၀၉ ၇၃၁၅၁၈၁၇၊ ၀၉ ၇၉၅၄၂၀၇၉၉၊ ၀၉ ၂၅၄၉၅၁၁၇၇။

## သတင်းတိုများ

### အထွေထွေရောဂါများအခမဲ့ကွင်းဆင်းကုသပေး

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ယုဇနဥယျာဉ်မြို့တော် (၉၄) ရပ်ကွက်ဓမ္မာရုံ၌ ရပ်ကွက်နေပြည်သူများ၏ အထွေထွေရောဂါများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန (၉၃)ဒေသန္တရကျန်းမာရေးဌာနခွဲမှ ဆရာမ ဒေါ်တင်တင်ဝင်းနှင့် ဝန်ထမ်းများ မတ် ၁၇ ရက်က အခမဲ့ကွင်းဆင်းကုသပေးခဲ့ရာ ဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ အပါအဝင် ပြည်သူ ၂၀၀ ကျော်ကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ ကွင်းဆင်းဆေးကုအဖွဲ့သည် ရပ်ကွက်အတွင်းသို့ လစဉ်ပုံမှန်ကွင်းဆင်း၍ ပြည်သူများအား အခမဲ့စမ်းသပ်စစ်ဆေး ကုသပေးလျက်ရှိကြောင်း သိရသည်။ **ကျင်မောင်**

### စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေး

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ မြန်မာနိုင်ငံ တရုတ်လူငယ်များစာကြည့်တိုက်၌ စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာကြည့်တိုက်စိတ်ဝင်စားသူများ ပူးပေါင်း၍ မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ရွှေက အလုပ်ရုံဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်းက အမှတ်(၈) ရပ်ကွက် စာကြည့်တိုက်သို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် စာသင်ကျောင်းများမှ စာကြည့်တိုက်မှူးများက စာကြည့်တိုက်ဝန်ဆောင်မှုများ မြှင့်တင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ကျေးရွာရေရရှိရေးလုပ်ငန်းကွင်းဆင်းစစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျွန်းတောကျေးရွာ ရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ကျပ် ၇ ဒသမ ၈ သန်းဖြင့် ညီညီဟိန်းကုမ္ပဏီက ဆောင်ရွက်ခဲ့သော ရေတွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးသဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ရှိသူများ မတ် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါရေတွင်း တူးဖော်ပြီးစီးသဖြင့် ကျေးရွာနေပြည်သူ ၃၀၀ ကျော်အတွက် သောက်သုံးရေ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်**

### မိုးကြိုမြေပဲများပိုးမွှားရောဂါကာကွယ်ရေးသရုပ်ပြဆောင်ရွက်

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် သရခါကျေးရွာနှင့် အောင်မြင်သာကျေးရွာများ၌ မောချောင်းရေကို အမှီပြု၍ ဒေသခံတောင်သူများ စိုက်ပျိုးထားသော သက်တမ်းတို မကွေး(၁၁)မြေပဲကို မိုးကြိုမြေပဲစိုက်ခင်းများမှ တောင်သူ ဦးစိုးမြင့်၏ မြေပဲစိုက်ခင်း နှစ်ဧကတွင် ဓာတ်မြေသြဇာကြဲပက်ခြင်းနှင့် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ မတ် ၁၅ ရက်က သရုပ်ပြဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရပ်ကွက်တွင်း အမှိုက်သိမ်းယာဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်စတင်

**ရေး မတ် ၁၈**

မွန်ပြည်နယ် ရေးမြို့ အောင်မင်္ဂလာရပ်ကွက်၌ ရပ်ကွက်အတွင်းနေအိမ်များမှ စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်ရန်အတွက် မတ်လ တတိယအပတ်မှစတင်၍ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံသိမ်းဆည်းလျက်ရှိကြောင်း သိရသည်။




"အရင်က စည်ပင်အမှိုက်သိမ်းယာဉ်မလာရင် စွန့်ပစ်အမှိုက်တွေကို ချောင်းမြောင်းတွေမှာ သွားပစ်ရပါတယ်။ အခု ရပ်ကွက်က အမှိုက်သိမ်းယာဉ်နဲ့ လိုက်လံသိမ်းဆည်းပေးတဲ့အခါ အမှိုက်တွေကို စနစ်တကျစွန့်ပစ်နိုင်ပြီး ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း သန့်ရှင်းသာယာလှပစေတယ်" ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

အမှိုက်သိမ်းသည့်ယာဉ်မှာ ကင်တာတေပါ ယာဉ်အမျိုးအစားဖြစ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ဦးဆောင်မှုဖြင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်၍ ကိုယ့်အားကိုယ်ကိုး ဝယ်ယူခဲ့ခြင်းဖြစ်ကာ ကုန်ကျစရိတ်မှာ ကျပ် ၇၅ သိန်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အမှိုက်သိမ်းယာဉ်ဖြင့် ရပ်ကွက်အတွင်းရှိ စွန့်ပစ်အမှိုက်များကို နေ့စဉ် နံနက်နှင့် ညနေ အချိန်နှစ်ချိန်ခွဲ၍ သိမ်းဆည်းပေးမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းတစ်ဦး ယာဉ်နောက်လိုက်နှစ်ဦး လိုက်ပါသိမ်းဆည်းကာ စွန့်ပစ်သည့်အမှိုက်များကို ယာယီသတ်မှတ်ထားသောနေရာ၌ စွန့်ပစ်ပြီး နှစ်ပတ်လျှင်တစ်ကြိမ် မီးရှို့ဖျက်ဆီးသွားမည် ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးမင်းက ပြောသည်။

စွန့်ပစ်အမှိုက်သိမ်းယာဉ်များ နေ့စဉ် လိုက်လံသိမ်းဆည်းနိုင်ရန်အတွက် တစ်အိမ်လျှင် ရန်ပုံငွေ ၅၀၀ ကျပ် သတ်မှတ်ထားပြီး ဈေးဆိုင်နှင့် အခြားလုပ်ငန်းများကို လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းကာ ဈေးနှုန်းတစ်ခု သတ်မှတ်ကောက်ခံရန်လည်း အစီအစဉ်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ရပ်ကွက်အနေဖြင့် ကိုယ်ပိုင်အမှိုက်သိမ်းယာဉ်ကို စီစဉ်၍ ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် စည်ပင်သာယာရေးကော်မတီကလည်း ယခင်က လိုက်လံကောက်ခံသော အမှိုက်သိမ်းခွန်ကို ရပ်ဆိုင်းပေးလိုက်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# ပေါင်မြို့နယ်ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့ဆောင်သစ် ရာနှုန်းပြည့်တည်ဆောက်ပြီး၍ မကြာမီဖွင့်လှစ်မည်

**ပေါင် မတ် ၁၈**

မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ဆံ့ ပြည်သူ့ဆေးရုံအဆင့်သို့ တိုးမြှင့်သတ်မှတ်ပြီး တိုးချဲ့အဆောင်သစ်တစ်ဆောင်ကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေ ကျပ်သိန်း ၃၅၀၀ အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယခုအခါ တည်ဆောက်မှုများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ပြည်သူ့ဆေးရုံအဆောင်သစ်သည် အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေရှိပြီး အာရ်စီကွန်ကရစ် သွပ်မိုးနှစ်ထပ် အဆောက်အအုံဖြစ်ကာ Kinetic Art ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ ဒီဇင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# လေယာဉ်ကွင်းသစ်တည်ဆောက်ရာတွင် ပါဝင်ခဲ့သော လယ်ယာမြေများအတွက် ဒုတိယအကြိမ် လျော်ကြေးပေးအပ်

**မကွေး မတ် ၁၈**

မကွေးလေယာဉ်ကွင်းသစ် တည်ဆောက်ရာတွင် ပါဝင်ခဲ့သော ဒဟတ်ကန်ကျေးရွာနှင့် ဆားတိုင်ကျေးရွာများမှ တောင်သူများ၏ လယ်ယာမြေများအတွက် ဒုတိယအကြိမ် လျော်ကြေးငွေပေးအပ်ပွဲကို မကွေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် မကွေးမြို့ လေကြောင်းပို့ဆောင်ရေးဦးစီးဌာန (မကွေးလေဆိပ်)မှ ဦးစီးအရာရှိ ဦးမင်းအောင်က လေယာဉ်ကွင်းသစ် တည်ဆောက်ရာတွင် ပါဝင်ခဲ့သော ဒဟတ်ကန်ကျေးရွာမှ တောင်သူငါးဦးအား မြေယာလျော်ကြေး ၇၉၈၄၀၀၀ ကျပ်နှင့် ဆားတိုင်ကန်ကျေးရွာမှ တောင်သူ ၁၂ ဦးအား မြေယာလျော်ကြေးငွေ ၄၈၁၃၆၀၀၀ ကျပ် စုစုပေါင်း ၅၆၁၂၀၀၀၀ ကျပ်ကို တောင်သူတစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ခဲ့သည်။

ပထမအကြိမ်လျော်ကြေးငွေများကို ဖေဖော်ဝါရီ ၉ ရက်က ပေးအပ်ခဲ့ပြီးဖြစ်ကာ ပထမအကြိမ်တွင် ဟတ်ကန်ကျေးရွာမှ တောင်သူ ၁၇ ဦးအား မြေလျော်ကြေးငွေ ၃၈၀၄၈၀၀၀ ကျပ်နှင့် ဆားတိုင်ကန်ကျေးရွာမှ တောင်သူ ၈၄ ဦးအား မြေလျော်ကြေးငွေ ၂၄၉၇၆၈၀၀၀ ကျပ်ကို ပေးခဲ့ပြီးဖြစ်ရာ နှစ်ကြိမ်ပေါင်းအနေဖြင့် လျော်ကြေးငွေ ၃၄၃၉၃၆၀၀၀ ကျပ် ပေးအပ်ခဲ့ကြောင်း သိရသည်။ လျော်ကြေးငွေပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးပိုင်ပေါ်ထွန်း၊ မကွေးလေဆိပ်မှ တာဝန်ခံ ဦးမင်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ညီညီမောင်(မကွေး)**

# တီဘီဝေဒနာရှင်များအား အခမဲ့ဆေးကုသပေး

**သပိတ်ကျင်း မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့ရှိ တီဘီဝေဒနာရှင် လူနာများအား ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ခြင်း၊ ရောဂါရှာဖွေခြင်းစသည့် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ရောဂါကုသပေးမှုများကို အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူများ မတ် ၁၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ဌာနမှ အဖွဲ့ခေါင်းဆောင် ဒေါက်တာကောင်းမြတ်နှင့် အဖွဲ့ဝင်များက သပိတ်ကျင်းမြို့ ပြည်သူ့ဆေးရုံကြီးသို့ ကွင်းဆင်း၍ တီဘီဝေဒနာရှင်များအား အခမဲ့လာရောက် ကုသပေးခြင်းဖြစ်ပြီး ရောဂါလာရောက်ပြသသူ ၇၃ ဦးအား ဓာတ်မှန်ရိုက်စစ်ဆေးခြင်း၊ ၁၉ ဦးကို သလိပ်စစ်ခြင်းနှင့် ခြောက်ဦးကို တီဘီဆေး အခမဲ့ပေး၍ ကုသခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ အခမဲ့ ဆေးကုပေးရာတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း ဝိုင်းဝန်းကူညီခဲ့ကြောင်း သိရသည်။



အထက်မြန်မာပြည် တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ပူးပေါင်းအဖွဲ့အနေဖြင့် သပိတ်ကျင်းမြို့ပေါ်မှ ပြည်သူများအား အခမဲ့ကုသပေးသည့်အပြင် မြို့နယ်အတွင်းရှိ ဝါးဖြူတောင်၊ လိပ်ကျနှင့် ချောင်းကြီးကျေးရွာများသို့လည်း ကွင်းဆင်းသွားရောက်ပြီး ရောဂါဝေဒနာရှင်များအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

# မူခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြော

**ဘိုကလေး မတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု ဘုရားချောင်းကျေးရွာ၌ မူခင်းကျဆင်းရေး၊ အယ်နီညိုသဘာဝဘေးအန္တရာယ်ကြောင့် အပူချိန်လွန်ကဲမှုဖြစ်ပေါ်လာလျှင် ပြည်သူများလိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာများအကြောင်း အသိပညာပေး ဟောပြောပွဲကို မတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလွင်မောင်သိန်း၊ ခရိုင်ဥပဒေအရာရှိ ဦးစန်းအောင်၊ ခရိုင် ဒုတိယတရားသူကြီး ဒေါ်အေးမြသီရိ၊ ခရိုင်ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာသိန်းထွန်းနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြိုင်တို့က မူခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အကြောင်းအရာများ၊ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများကို ပညာပေးဟောပြောခဲ့ကြသည်။

**အောင်မင်း(ဘိုကလေး)**

# အရေးပေါ်မီးသတ်ရေတိုင်ကီများ စီစဉ်ထားရှိပေး



**တနင်္သာရီ မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ပေါ် ရပ်ကွက်နှစ်ခုဖြစ်သည့် ချောင်းကြီးရပ်နှင့် ချောင်းငယ်ရပ်အတွင်း လူစည်ကားရာ နေရာများ၊ လမ်းဆုံလမ်းခွများ၊ အခြေခံပညာကျောင်းများနှင့် စည်ပင်သာယာရေးကော်မတီပိုင် အောင်မင်္ဂလာဈေး(၁)နှင့် ဈေး(၂) တို့အနီး၌ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူမီးငြိမ်းသတ်နိုင်ရန်အတွက် အရေးပေါ်မီးသတ်ရေတိုင်ကီများနှင့် သဲပုံးများကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မတ် ၁၆ ရက်က စီစဉ်ထားရှိပေးခဲ့ကြောင်း သိရသည်။

တနင်္သာရီမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ အရေးပေါ်ရေတိုင်ကီများနှင့် သဲပုံးများကို ထားရှိပေးခဲ့ခြင်းဖြစ်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမျိုးနိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး ဂါလန် ၅၀ ဆံ့ ရေတိုင်ကီ အလုံး ၁၁၀ ကို ထားရှိကာ မြို့နယ်မီးသတ်ဦးစီးဌာနပိုင် မီးသတ်ကားဖြင့် ရေများ လိုက်လံဖြည့်ဆီးပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထို့အတူ တနင်္သာရီ-ဘုတ်ပြင်း(နယ်စပ်) နှင့် တနင်္သာရီ-မြိတ်(နယ်စပ်)လမ်းခရီး တစ်လျှောက်တွင်လည်း မီးလောင်ခြင်းနှင့် တောမီးလောင်ခြင်းစသည့် အရေးပေါ်အခြေအနေများဖြစ်ပွားပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ယင်းကဲ့သို့ ရေတိုင်ကီပေပါများကို ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ကျွန်းစုမြို့နယ်အတွင်းရှိ ကဏန်းစားမျောက်များ၏ သွားလာနေထိုင်မှုဓလေ့စရိုက်များကို စင်ကာပူတက္ကသိုလ်မှ ပါမောက္ခနှင့်အဖွဲ့က လာရောက်သုတေသနပြု

**ကျွန်းစု မတ် ၁၈**

ကျွန်းစုမြို့နယ်အတွင်းရှိ ကဏန်းစားမျောက်များ၏ သွားလာနေထိုင်မှု ဓလေ့စရိုက်များကို လေ့လာသုတေသနပြုလုပ်ရန်အတွက် အမေရိကန် နိုင်ငံသားသုတေသီနှင့်အဖွဲ့ မတ် ၁၆ ရက်က ကျွန်းစုမြို့နယ် ကံမော်ကျေးရွာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ကဏန်းစားမျောက်များကို လေ့လာသုတေသနပြုလုပ်ရန်အတွက် စင်ကာပူနိုင်ငံ Nanyang Technological University မှ Assistant Professor ဖြစ်သူ အမေရိကန်နိုင်ငံသား Dr.Michael D.Gumert သည် မြိတ်တက္ကသိုလ်မှ ဒေါ်ယုယုထွေး လိုက်ပါလျက် မတ် ၁၆ ရက်က ကံမော်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး မတ် ၂၀ ရက်အထိ ကျွန်းစုမြို့နယ် ကံမော်ကျေးရွာအနီးတစ်ဝိုက်ရှိ ကျွန်းများနှင့် ကမ်းခြေများအနီးတစ်ဝိုက်တွင် နေထိုင်ကျက်စားသော ကဏန်းစားမျောက် (Long Tailed Mocaque)များ၏ သွားလာလှုပ်ရှား နေထိုင်မှုဓလေ့စရိုက်များကို လေ့လာသုတေသနပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ရန်နိုင်(ပြန်/ဆက်)**

# ကျေးရွာစာကြည့်တိုက်မှူးများအား စာကြည့်တိုက်ထိန်းသိမ်းနည်း သင်တန်းပို့ချ

**မင်းဘူး မတ် ၁၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးအဖွဲ့အစည်းများ၏ ခွင့်ပြုပူးပေါင်းကူညီမှုဖြင့် Save the Children (မကွေးမြို့နယ် စီမံချက်ရုံး)အဖွဲ့နှင့် မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်မှူးများအား စာအုပ်ထိန်းသိမ်းနည်းနှင့် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး သင်တန်းကို မင်းဘူးမြို့နယ် ကုန်းသာကျေးရွာ အလက(ခွဲ)ကျောင်းခန်းမ၌ မတ် ၁၇ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**




ပညာရေးလုပ်ငန်းများနှင့် ကျောင်းနေအရွယ်ကလေးငယ်များ စာဖတ်ခြင်းကို အားပေးရန်အတွက်လည်းကောင်း၊ စာကြည့်တိုက်ထောက်ပံ့ရေးလုပ်ငန်းများကို ကူညီပံ့ပိုးနိုင်ရန်လည်းကောင်း ရည်ရွယ်၍ သင်တန်းကို ပို့ချခြင်းဖြစ်ပြီး အဆိုပါသင်တန်းတွင် မင်းဘူးမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်၊ စာကြည့်တိုက်မှူး ဒေါ်မြတ်မြတ်မော်နှင့် Save the Children (မကွေးမြို့နယ် စီမံချက်ရုံး)မှ SPO စီနီယာစီမံကိန်းအရာရှိ ဦးသန်းထွန်း၊ P.A စီမံကိန်း လက်ထောက်အရာရှိ ဒေါ်ဇင်မာလွင်တို့က စာကြည့်တိုက်ပညာရပ်များဖြစ်သော စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲခြင်း၊ စာအုပ်များ ထိန်းသိမ်းနည်းများ၊ စာအုပ်ငှားရမ်းခြင်း၊ စာအုပ်များတွင် ကုတ်စနစ်ပြုလုပ်ခြင်းစသည့် အကြောင်းအရာများကို လက်တွေ့ဆောင်ရွက်ခြင်းများနှင့်အတူ မတ် ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းသို့ မင်းဘူးမြို့နယ်အတွင်းရှိ ချောင်းကောက်၊ ရွာသာယာ၊ ကုန်းသာ၊ တောင်မန်း၊ ကံကုလား၊ ကျောက်စံ၊ ကျောက်စစ်ပုံ၊ လက်ခုပ်ပင်၊ တောကျောင်းကုန်း၊ ကျွဲတဲနှင့် သီရိမင်္ဂလာရပ်ကွက်များရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## သတင်းတိုများ

### (၁၇)ကြိမ်မြောက်ဗုဒ္ဓဘာသာဓမ္မစကူးလ်သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာ၌ (၁၇) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနည်းပြဆရာဖြစ် ဓမ္မ စကူးလ်သင်တန်းကို မတ် ၁၇ ရက်က ဖွင့်လှစ်ခဲ့သည်။ သင်တန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေး(ဗဟို)နှင့် မန္တလေးယဉ်ကျေးလိမ္မာစင်တာမှ ဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး မတ် ၂၁ ရက်အထိ ငါးရက်တိုင်တိုင် သင်ကြားပို့ချသွားမည် ဖြစ်ကာ သင်တန်းသား သင်တန်းသူ ၃၅ ဦး လာရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

### အင်းတော်မြို့နယ်သာယာလှပရေးအတွက်ပန်းအလှပင်များစိုက်ပျိုး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ သာယာလှပစေရေးအတွက် ပန်းခြံများ ပြုလုပ်ခြင်း၊ အလှမြက်ပင်များ စိုက်ပျိုးခြင်း စသည့်ဖြင့် အလှဆင်ပြုပြင်မှုများကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ပြုလုပ်လျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တောင်ဘက်ခြံစည်းရိုးဘေးရှိ အမှိုက်သရိုက်များဖြင့် ညစ်ပတ်နေသော နေရာ၌လည်း ယခုမတ်လအတွင်းမှစ၍ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြက်ပင်များစိုက်ပျိုးခြင်း၊ သစ်သားခြံစည်းရိုး စနစ်တကျကာရံကာ ဆေးသုတ်ခြင်းစသည့် အလှဆင်မှုများ ပြုလုပ်ခဲ့ပြီး ယခုအခါ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**

### သုဝဏ္ဏဝတီမြို့၌ မြို့မဈေး၌ဆေးအရောင်းဆိုင်များအားစစ်ဆေး

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ မြို့မဈေးကြီးအတွင်းရှိ ဆေးအရောင်းဆိုင်များ၌ နိုင်ငံခြားဆေးဝါးများနှင့် တိုင်းရင်းဆေးများ ရောင်းချရာတွင် သက်တမ်းလွန်ဆေးဝါးများ ပါဝင်ခြင်းရှိမရှိ၊ မှတ်ပုံတင်မရှိသောဆေးဝါးများနှင့် တရားမဝင်(တားမြစ်ဆေးဝါးများ) ရောင်းချနေခြင်း ရှိ မရှိ၊ ဆေးအရောင်းဆိုင် လိုင်စင် ရှိ မရှိစသည်တို့ကို ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီ (F.D.A)နှင့် ပူးပေါင်းအဖွဲ့များက မတ် ၁၆ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ မွန်ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်များနှင့် သထုံခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဦးစိုးအောင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ဈေးအတွင်းရှိ ဆေးဆိုင်များကို လိုက်လံစစ်ဆေးခဲ့ပြီး လိုင်စင်သက်တမ်းတိုးရန် လိုအပ်သော ဆိုင်များကို သက်တမ်းတိုးရန် မှာကြားခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် သထုံမြို့နယ်အတွင်းရှိ သိမ်ဆိပ်ကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ကတိုက်ကြီးကျေးရွာနှင့် မရမ်းကုန်းကျေးရွာများရှိ ဆေးအရောင်းဆိုင်များသို့လည်း သက်ဆိုင်ရာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)များမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

**မြစ်ကြီးနား မတ် ၁၈**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးစီးဖွင့်လှစ်သော နယ်နိမိတ်ရေးရာနှင့် နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို မြစ်ကြီးနားမြို့ ပြည်နယ်အားကစားခန်းမ၌ မတ် ၁၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးခေါင်လန်ဒီးက အမှာစကားပြောကြားဖွင့်လှစ်ပြီး သင်တန်းတွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း ဦးစီးသည့် နည်းပြအဖွဲ့ဝင်များက မြို့နယ်များမှ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများကို နယ်နိမိတ်ရေးရာကိစ္စရပ်များ ဖြေရှင်းနည်း၊ နှစ်နိုင်ငံစာချုပ်တွင် ပါဝင်သောအချက်များအကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ပြီး ဖြစ်ပွားသောနယ်နိမိတ်ပြဿနာများကို ဖြေရှင်းနည်းများ စသည်တို့ကို မတ် ၁၆ ရက်မှ ၁၈ ရက်အထိ သင်ကြား သွားမည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသများမှ အာဏာပိုင်အဖွဲ့အစည်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းများအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် မိမိပိုင်နက်နယ်နိမိတ်အတိုင်းအတာများအား ဂယနဏ မှန်ကန်စွာသိရှိပြီး မိမိပိုင်နက်မြေဆုံးရှုံးမှု မရှိစေရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အိမ်နီးချင်းကောင်းပီသစွာ ချစ်ကြည်ရင်းနှီးမှုကို လက်ကိုင်ထား၍ သံတမန်နည်းလမ်းများအရ ဖြေရှင်းဆောင်ရွက်တတ်စေရန်၊ နယ်နိမိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေများနှင့် စာချုပ်စာတမ်းများအကြောင်း သိရှိနားလည်ပြီး ကိုင်တွယ်ဖြေရှင်းတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယင်းသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



## 3G သုံးနိုင်မည့် ကျပ်သုံးသောင်းတန်စမတ်ဖုန်းများ အော်ရီဒူးက စတင်ရောင်းချလျက်ရှိ

**ရန်ကုန် မတ် ၁၈**

3G အင်တာနက်ကွန်ရက်ကို အသုံးပြုနိုင်ရန် ထောက်ပံ့ပေးထားသည့် ကျပ် သုံးသောင်းတန်နှင့် ကျပ်နှစ်သောင်းတန် တန်ဖိုးနည်းစမတ်ဖုန်းများကို အော်ရီဒူးမြန်မာက ပြည်တွင်းဈေးကွက်၌ မတ် ၁၅ ရက်က စတင်မိတ်ဆက်ရောင်းချထားပြီဖြစ်ကြောင်း သိရသည်။

ဖုန်းအမျိုးအစားများမှာ Smart 9 နှင့် Smart 10 နှင့် G9 အမည်ရှိ 3G စမတ်ဖုန်းများဖြစ်သည်။ Smart 9 နှင့် Smart 10 ဖုန်းများသည် မျက်နှာပြင်အရွယ်အစား လေးလက်မဖြစ်ပြီး ဆင်းကတ်နှစ်ကတ် တစ်ပြိုင်တည်း ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ကာ 3G အင်တာနက်ကို ထောက်ပံ့ပေးထားသဖြင့် အမြန်ဆန်ဆုံးအင်တာနက်ဖြင့် Facebook ၊ Viber နှင့် Youtube တို့ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တုံ့ပြန်မှုမြန်ဆန်သည့် Touch Screen နှင့် အရည်အသွေးမြင့် ရှေ့၊ နောက်ကင်မရာများ ပါဝင်ပြီး အင်တာနက်လိုင်းဆွဲအားကောင်းခြင်း စသည်ဖြင့် စွမ်းဆောင်ရည်များ ပါဝင်မည်ဖြစ်ကြောင်းနှင့် တစ်နှစ်အာမခံပါဝင်ကြောင်း အော်ရီဒူးမှ ကြေညာထားသည်။

ပို၍ဈေးသက်သာသော 3G စမတ်ဖုန်းအဖြစ် G9 စမတ်ဖုန်းကိုလည်း မိတ်ဆက်ထားပြီး ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ကာ 3G အင်တာနက်လည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂ ဒသမ ၄ လက်မရှိ Touch Screen မျက်နှာပြင် ပါဝင်ပြီး ဈေးနှုန်းမှာ ကျပ်နှစ်သောင်းသာရှိကာ အာမခံတစ်နှစ် ပါဝင်သည်။

**သူရဖြိုး**

## တယ်လီနော၏ အထူးနံပါတ်လေလံ မန္တလေးတွင် ဆက်လက်ပြုလုပ်မည်

**ရန်ကုန် မတ် ၁၈**

တယ်လီနော၏ နံပါတ်အလှဖုန်းနံပါတ်များ ဒုတိယအကြိမ်မြောက်လေလံတင်ရောင်းချပွဲကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ မတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အထူးနံပါတ်ပေါင်း ၁၀၀ ကို လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် လေလံပွဲမှ ရရှိလာသော အကျိုးအမြတ်များဖြင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ မြတ်လေးရုံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းဆောင်သစ်တစ်ခုနှင့် ဒီဂျစ်တယ် ပညာသင်ကြားရေးစင်တာတစ်ခု ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချမည့် အထူးနံပါတ်များတွင် ၀၉-၇၉ ၉၉၉၉၉၉၉၊ ၀၉-၇၇ ၇၇၇၇၇၇၀ ၊ ၀၉-၇၉ ၉၀၀၀၀၀၀ စသော နံပါတ်များနှင့် အလားတူ အခြားနံပါတ်အလှများလည်း ပါဝင်မည်ဖြစ်ကာ လေလံပွဲအတွက် ကြမ်းခင်းဈေးကို နံပါတ်အားလုံးအတွက် ကျပ်သိန်း ၃၀ သတ်မှတ်ထားသည်။ စိတ်ပါဝင်စားသူများအနေဖြင့် အမည်၊ လိပ်စာ၊ အီးမေးလ်၊ မှတ်ပုံတင်၊ ကုမ္ပဏီအမည်၊ ဘဏ်စာရင်း အသေးစိတ်အချက်အလက်များဖြင့် အီးမေးလ်လိပ်စာ specialnumber@telenor.com.mm သို့ အီးမေးလ်ပို့ပြီးဖြစ်စေ ၀၉-၇၉၇၀၀၀၀၉၇ သို့ ဆက်သွယ်၍ဖြစ်စေ မတ် ၂၁ ရက် နောက်ဆုံးထားကာ စာရင်းပေးသွင်းနိုင်ပြီး မှတ်ပုံတင်သူများထဲမှ လေလံပွဲကိုတက်ရောက်ခွင့်ရှိသူများကို ရွေးချယ်အကြောင်းကြားသွားမည်ဟု သိရသည်။

**သူရဖြိုး**

## ကွန်ပျူတာပညာရှင်အသင်း နည်းပညာသင်တန်းများ ဖွင့်မည်

**ရန်ကုန် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ နည်းပညာသင်တန်းများဖြစ်သော Linux Fundamental to Professionals သင်တန်းနှင့် Web (Backend & Frontend) Development with Domain Driven Design Architecture သင်တန်းများကို မတ် ၂၆ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Linux Fundamental to Professionals သင်တန်းတွင် Linux အခြေခံသိထားသူများနှင့် အခြေခံမရှိသူများပါ တက်ရောက်နိုင်မည်ဖြစ်ကာ Linux Platform ကို အခြေခံမှ Professional တစ်ယောက်ဖြစ်သည်အထိ သင်ကြားလေ့လာရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Linux Server ပိုင်းကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်၍ Linux Administrator တစ်ယောက်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ ဇွန် ၂၉ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်သုံးသိန်းဖြစ်သည်။

Web (Backend & Frontend) Development with Domain Driven Design Architecture သင်တန်းမှာ အမေရိကန် ကုမ္ပဏီကြီးများတွင် လုပ်ဆောင်လေ့ရှိသော ဆော့ဖ်ဝဲတည်ဆောက်ရန် ဖန်တီးမှုများကို လေ့လာရမည်ဖြစ်ပြီး ထူးချွန်ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သဖြင့် အတတ်နိုင်ဆုံး အင်္ဂလိပ်လိုပြောဆိုပြီး သင်ကြားမည်ဖြစ်ကာ ပြောဆိုဆက်ဆံရေးအရည်အချင်းပါ တစ်ပါတည်းတိုးတက်အောင် လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့တွင် လုပ်ခဲ့သော အလုပ်အတွေ့အကြုံများကို လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလမှာ ဇူလိုင် ၃ ရက်အထိ အပတ်စဉ် စနေ၊တနင်္ဂနွေဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်သုံးသိန်းဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် မတ် ၂၅ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းတွင် စာရင်းပေးသွင်းရမည်ဖြစ်ပြီး အသေးစိတ်အချက်များကို အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ သို့ စုံစမ်းမေးမြန်းနိုင်သည်။

**သူရဖြိုး**

# နံပါတ်တူဆင်းကတ်များကို တိုက်ရိုက်ဆက်သွယ်ရောင်းချခြင်းဖြင့် ရောင်းသူဝယ်သူ နှစ်ဖက်အဆင်ပြေလျက်ရှိ

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအော်ပရေတာသစ်များဖြစ်သော တယ်လီနောနှင့် အော်ရီဒူးတို့ ဝန်ဆောင်မှုပေးလာချိန်မှစ၍ ယခင်က တန်ဖိုးကြီးခဲ့ပြီး ဇိမ်ခံပစ္စည်းများပမာဖြစ်ခဲ့သော မိုဘိုင်းဖုန်းများသည် လူတန်းစားမရွေးသုံးနိုင်သည့် လူသုံးပစ္စည်းတစ်ခု ဖြစ်လာခဲ့သည်။ မိုဘိုင်းဖုန်းများကို လူသုံးများလာသည်နှင့်အမျှ ဆင်းကတ်များ ရောင်းဝယ်ရေးသည်လည်း အလုပ်အကိုင်ပုံစံတစ်ခုအနေဖြင့် သီးခြားပေါ်ပေါက်လာခဲ့သည်။ ရန်ကုန်မြို့အပါအဝင် မြို့ကြီးများတွင် ဆင်းကတ်များကို သီးသန့်ရောင်းချနေကြသော လမ်းဘေးဈေးသည်များသည်ပင် အရေအတွက်များစွာ ရှိနေပြီဖြစ်သည်။

ဆင်းကတ်များရောင်းဝယ်ရာတွင် လမ်းဘေးတွင် ဈေးဆိုင်ခင်း၍ ရောင်းချနေသည့်ပုံစံသစ်အပြင် လူသိနည်းသည့် ရောင်းချပုံတစ်ခုမှာလည်း အော်ပရေတာများ စတင်၍ ဝန်ဆောင်မှုပေးပြီး ဆင်းကတ်များရောင်းချချိန်ကပင် ပေါ်ပေါက်ခဲ့သည်။ ထိုပုံစံမှာ ယခင်က ဆက်သွယ်ရေးအော်ပရေတာအဖြစ် MPT တစ်ခုတည်းရှိစဉ်က MPT မှ ငှားရမ်းထားသည့်ဆင်းကတ်များ၏ နံပါတ်များနှင့်ဆင်တူသော တယ်လီနောနှင့် အော်ရီဒူးနံပါတ်သစ်များကို မူလ MPT ဆင်းကတ်ပိုင်ရှင်များထံ ဆက်သွယ်ရောင်းချခြင်းဖြစ်သည်။ ထိုသို့ ရောင်းချခြင်းဖြင့် ရောင်းသူအနေဖြင့် အကျိုးအမြတ်ပို၍ရရှိသလို ဝယ်ယူသူများအဖို့လည်း အဆင်ပြေကြောင်း သိရသည်။

ဆင်းကတ်များ ရောင်းချရာတွင် MPT မှ ယခင်က ငှားရမ်းထားခဲ့သော ကျပ် ၁၅ သိန်းတန် ဖုန်းနံပါတ်များဖြစ်သည့် (0951xxxxx) မှ (0955xxxxx) အထိ ဖုန်းနံပါတ်များကို အဓိကထား၍ ရောင်းချကြသည်။ ထိုနံပါတ်များအတိုင်း ဂဏန်းနှစ်လုံးသာပိုပြီး ကျန်နံပါတ်များတူသည့် တယ်လီနောနှင့် အော်ရီဒူးနံပါတ်အသစ်များကို မူလနံပါတ်များထံ တိုက်ရိုက်ဆက်သွယ်၍ ရောင်းကြခြင်းဖြစ်သည်။ ဥပမာ ရောင်းချသူတွင် ဂဏန်း ၁၁ လုံးပါသော ပုံမှန် တယ်လီနောဖုန်းနံပါတ် (၀၉-၇၉ ၅၁ ၁၂၃၄၅)ကို ရရှိထားပါက ထိုနံပါတ်နှင့် ၇၉ နှစ်လုံးသာ လျော့သည့် ဂဏန်းကိုးလုံးပါ ကျပ် ၁၅ သိန်းတန် ဖုန်းနံပါတ် (၀၉-၅၁ ၁၂၃၄၅)သို့ မက်ဆေ့ပို့၍ တိုက်ရိုက်ဆက်သွယ်ကာ ရောင်းချခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် နေထိုင်ပြီး ကျပ် ၁၅ သိန်းတန် ၀၉၅၅ နံပါတ်ဖုန်းကို ယခင်ကပင် ကိုင်ခဲ့သူတစ်ဦးက "ကျွန်တော်က အရင်က (0955xxxxx) ဖုန်းကို ကိုင်တာပါ။ ကျွန်တော့်ဆီကို တယ်လီနောနံပါတ် (09 79 55xxxxx) ကနေ မက်ဆေ့ပို့ပြီး ဒီနံပါတ်ကိုဝယ်ချင်ရင် ၁၂၀၀၀ နဲ့ ရောင်းမယ်ဆိုတဲ့အကြောင်းနဲ့ Delivery အတွက် သုံးထောင်၊ စုစုပေါင်း ၁၅၀၀၀ ကျပ်ပါမယ်ဆိုတဲ့ ကြော်ငြာမက်ဆေ့ ရောက်လာပါတယ်။ ရောင်းတာက မန္တလေးက ရောင်းတာပါ။ ငွေလွှဲလိုက်တော့ ဆင်းကတ်ကို ပို့ပေးပါတယ်။ အရင်ကတည်းက ကိုင်နေကျဖုန်းနံပါတ်နဲ့ ဂဏန်းနှစ်လုံး ပိုတာကလွဲလို့ ကျန်တာအကုန်တူတဲ့ တယ်လီနောနံပါတ်ကို ပိုက်ဆံတစ်သောင်းခွဲတည်းနဲ့ရတော့ အသိတွေကို ဖုန်းနံပါတ်အသစ်ကိုင်တဲ့အကြောင်း ပြောပြီး နံပါတ်သစ်ပေးတဲ့အခါမှာ အဆင်ပြေတယ်"ဟု ပြောသည်။

တယ်လီနောနှင့် အော်ရီဒူး ဖုန်းနံပါတ်သစ်များကို ယခင် MPT နံပါတ်တူများထံ တိုက်ရိုက်ဆက်သွယ်ရောင်းချသူ အများစုမှာ ရန်ကုန်နှင့် မန္တလေးမှ ဖုန်းဆိုင်များ ဖြစ်ကြောင်း သိရသည်။ အဓိကအားဖြင့် (0951xxxxx)မှ (0955xxxxx)အထိ ကျပ် ၁၅ သိန်းတန် ဖုန်းနံပါတ်များထက် ဂဏန်းနှစ်လုံး ပိုသော တယ်လီနောနံပါတ် (097851xxxxx)၊ (097951xxxxx) စသည့် နံပါတ်များနှင့် အော်ရီဒူးနံပါတ် (099751xxxxx)စသည်တို့ကို မက်ဆေ့ပို့၍ ရောင်းချကြသည်။ ကျပ်နှစ်သိန်းတန် MPT ဖုန်းနံပါတ်များဖြစ်သည့် ဂဏန်း ၁၁ လုံးပါ (0940xxxxxxx)၊ (0941xxxxxxx)၊ (0942xxxxxxx) များထံသို့လည်း မူလဖုန်းနံပါတ်မှ (၄၀)(၄၁)(၄၂) ဂဏန်းနေရာများတွင် (၇၈)(၇၉)(၉၇) စသည့် ကွာခြားမှု ဂဏန်းနှစ်လုံးသာရှိသော နံပါတ်တူများကို တိုက်ရိုက်မက်ဆေ့ပို့၍ ဆက်သွယ်ကာ ရောင်းချကြကြောင်း သိရသည်။

ထိုသို့ ဖုန်းနံပါတ်များ တိုက်ရိုက်မက်ဆေ့ပို့ ဆက်သွယ်ရောင်းချနေသည့် ရန်ကုန်မှ ဖုန်းဆိုင်ရှင်တစ်ဦးက "အခုလိုရောင်းနေတာ တယ်လီနောနံပါတ်တွေ စထွက်ကတည်းကပါ။ တယ်လီနောနဲ့ အော်ရီဒူးနံပါတ်သစ်တွေရရင် နံပါတ်တူ ၁၅ သိန်းတန်ဖုန်းတွေကို မက်ဆေ့အရင်ပို့ပါတယ်။ အတော်ကြာလို့ ပြန်မဆက်သွယ်ရင် နံပါတ်တူနှစ်သိန်းတန်ဖုန်းနံပါတ်ကို မက်ဆေ့ထပ်ပို့ပါတယ်။ အများအားဖြင့်ကတော့ ကိုယ်ကိုင်နေတဲ့ နံပါတ်နဲ့ ဂဏန်းအားလုံးနီးပါးတူနေတဲ့နံပါတ်ကို မြင်ရပြီး ဈေးလည်းသိပ်မများဘူးဆိုရင် ဝယ်ချင်ကြတာပါပဲ။ တကယ်လို့ မရောင်းရရင် ကတ်ဖိုး ၁၅၀၀ ရှုံးပေမယ့် အများအားဖြင့် ရောင်းရလို့ အဆင်ပြေပါတယ်။ ဒါကြောင့် ကိုယ်တိုင်လည်း ပိုအမြတ်ရပြီး အဆင်ပြေသလို ဝယ်ချင်တဲ့လူအတွက်လည်း မူလနံပါတ်နဲ့တူတဲ့ နံပါတ်အသစ်ကိုကိုင်ရပြီး အဆင်ပြေလို့ ဒီလိုပုံစံနဲ့ ရောင်းနေတာပါ"ဟု တိုက်ရိုက်ရောင်းချခြင်းကြောင့် ရောင်းသူဝယ်သူ အဆင်ပြေပုံကို ရှင်းပြသည်။

ဆင်းကတ်များ ရောင်းချပုံနှင့်ပတ်သက်၍လည်း "ဒီလိုရောင်းကြတာ ရန်ကုန်မှာရော မန္တလေးမှာရော ရှိပါတယ်။ Delivery Service ကို အခြေခံရောင်းတာဆိုတော့ တခြားမြို့တွေကလည်း ရောင်းနေတာ ရှိနိုင်ပါတယ်။ ဒီလိုရောင်းနေတဲ့ဆိုင်တွေ ဘယ်လောက်ရှိလဲတော့ ကျွန်တော်အတိအကျ မသိပါဘူး။ ဒီပုံစံနဲ့ ရောင်းတဲ့ဆိုင်က ရောင်းသလို တချို့ဆိုင်တွေကတော့ ရိုးရိုးပဲ ၁၅၀၀ နဲ့ ရောင်းကြပါတယ်"ဟု ၎င်းက ဆက်ပြောသည်။

ဆင်းကတ်များ ရောင်းချရန် မက်ဆေ့ပို့ရာတွင် အချို့က စိတ်မဝင်စားသော်လည်း အများစုက မက်ဆေ့ပို့လိုက်သည်နှင့် ဝယ်ယူရန် စိတ်ဝင်စားကြပြီး အချို့ကမူ အလွန်အမင်း စိတ်ဝင်စားကြကာ ဆက်သွယ်ကြကြောင်း၊ ရောင်းချရာတွင် ဝယ်ယူသူဘက်မှ အလွန်စိတ်ဝင်စားနေလျှင်လည်း ဈေးနှုန်းကို ပြောင်းလဲတိုးမြှင့်ခြင်းမျိုးမရှိဘဲ ဈေးနှုန်းပုံသေဖြစ်အောင် ကြော်ငြာသည့်အတိုင်း ကျပ် ၁၂၀၀၀ နှင့် ပို့ဆောင်ခ ကျပ်သုံးထောင်ဖြင့်သာ ရောင်းချကြောင်း သိရသည်။

လက်ရှိအချိန်တွင် ထိုသို့တိုက်ရိုက်မက်ဆေ့ပို့ ဆက်သွယ်ကာ ရောင်းချသည့် ဈေးကွက်အတွင်း၌ ရန်ကုန်နှင့် မန္တလေးမြို့များမှ ရောင်းချသူများ အချင်းချင်း ဈေးနှုန်းညှိရောင်းခြင်းမရှိဘဲ အဆင်ပြေသလို ရောင်းချနေကြခြင်းဖြစ်သော်လည်း ဆင်းကတ်ဈေးနှုန်းများမှာ တစ်ပြေးညီဖြစ်နေကာ ဆင်းကတ်တစ်ကတ်လျှင် ကျပ် ၁၂၀၀၀ ပုံမှန်ဈေးဖြစ်ကြောင်း သိရသည်။

**သတင်းဆောင်းပါး – သူရဖြိုး**

## New Product

## Xiaomi ရဲ့ နောက်ဆုံးထွက်စမတ်ဖုန်းသစ် Mi 5

Xiaomi Mi 5 ဟာ ဖေဖော်ဝါရီလအတွင်းမှာ စတင်မိတ်ဆက်ပြီး အခုမတ်လဆန်းမှာမှ ကမ္ဘာ့ဈေးကွက်မှာ စတင်ရောင်းချခဲ့တဲ့ နောက်ဆုံးထွက်စမတ်ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။

Mi 5 ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၁၅ လက်မရှိပြီး Screen Resolution က 1080x1920 pixels အထိ ရှိလို့ ရုပ်ထွက်ပိုင်းအဆင့်မြင့်ပါတယ်။ မိုဘိုင်းနက်ဝပ်အတွက်ကတော့ GSM နဲ့ WCDMA နက်ဝပ်တွေကို ထောက်ပံ့ပေးထားပြီး အင်တာနက်အတွက် 4G LTE အထိ ထောက်ပံ့ပေးထားပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပြီး နှစ်ကတ်လုံးကို Nano အရွယ်



အစား ထည့်သုံးရမှာပါ။

အန်းဒရွိုက်ဗားရှင်းက နောက်ဆုံးထွက် 6.0(Marshmellow) ပါဝင်လာပါတယ်။ CPU ကတော့ Standard edition အတွက် Dual-core 1.8 GHz Kryo မှာ dual-core 1.6 GHz Kryo ကို ထပ်ပေါင်းပြီး စွမ်းဆောင်ရည်မြှင့်ထားပါတယ်။ Pro Edition မှာ RAM ကလည်း 4GB အထိရှိတာကြောင့် လုပ်ဆောင်ချက်အများအပြားကို တစ်ပြိုင်တည်းသုံးရင်တောင် ဖုန်းလေးသွားတာ၊ ဟန်းသွားတာတွေ ရှိမှာမဟုတ်ပါဘူး။ မင်မိုရီကတော့ Pro Edition အတွက် 128 GB နဲ့ ထွက်ထားပါတယ်။ အခြား Edition အနေနဲ့တော့ RAM 3GB ဖြစ်ပြီး မင်မိုရီက 32GB နဲ့ 64 GB တွေ ထွက်ထားပါတယ်။

ကင်မရာပိုင်းမှာတော့ ၁၆ မဂ္ဂါပစ်ဇယ် နောက်ကင်မရာကို Phase detection၊ Autofocus၊ face/smile detection စတဲ့ လုပ်ဆောင်ချက်တွေ၊ dual-LED (dual tone) flash စတဲ့ဟာ့ဒ်ဝဲတွေနဲ့ ထပ်ပေါင်းပေးထားပါတယ်။ ရှေ့ကင်မရာကတော့ ၄ မဂ္ဂါပစ်ဇယ်ပဲ ရှိတဲ့အတွက် ဒီနေ့လို ဆယ်လ်ဖီကင်မရာကို အပြိုင်အဆိုင် ကောင်းအောင်လုပ်နေတဲ့ခေတ်မှာ အားနည်းချက်ဖြစ်နေပါတယ်။ ဘက်ထရီက Li-Po 3000 mAh ကို သုံးထားပါတယ်။

Xiaomi ဖုန်းသစ်တွေကို ကမ္ဘာ့ဈေးကွက်အတွက်ထွက်ပြီး မကြာမီမှာပဲ ပြည်တွင်းဈေးကွက်ကို တင်သွင်းရောင်းချလေ့ရှိတာကြောင့် Mi 5 ဟာလည်း ဒီလမကုန်မီမှာပဲ ပြည်တွင်းဈေးကွက်ကို ရောက်လာဖွယ်ရှိနေပါတယ်။ နိုင်ငံတကာမှာ ရောင်းနေတဲ့ဈေးနှုန်းက ၂၄၅ ဒေါ်လာဖြစ်တာကြောင့် ပြည်တွင်းဈေးကွက်ကို ဝင်လာရင်လည်း ကျပ်နှစ်သိန်းခွဲနဲ့ သုံးသိန်းကြားမှာပဲ ရှိနိုင်လို့ Xiaomi Mi 5 ဟာ ဈေးနှုန်းနဲ့ ထိုက်တန်တဲ့ဖုန်းတစ်မျိုးလို့ ဆိုရမှာဖြစ်ပါတယ်။

**သူရဖြိုး**


MPT
Moving Myanmar Forward
လိုတရ
Portal ကို
မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက်
ဖွင့်လှစ်လိုက်ပါပြီ
နိုင်ငံခြားသွားဖို့လား?
အမ်ပီတီရဲ့လိုတရပေါ်တယ်မှ သင့်ရဲ့ဘတ်ဂျက်ကိုကူညီစီမံနိုင်ရန်
ငွေကြေး ၃၈ မျိုးပါဝင်သော နိုင်ငံခြားငွေလဲနှုန်းသတင်းတွေကို
အခမဲ့ စီစဉ်ပေးနေပါပြီ
အမ်ပီတီရဲ့ လိုတရပေါ်တယ်မှာ
မိုးလေဝသသတင်းတွေကို အခမဲ့ရယူပြီး
ရာသီဥတုဒဏ်ကို ကာကွယ်ရှောင်ရှားနိုင်ပါတယ်
ခေတ်မီတဲ့နောက်ဆုံးပေါ် ဖက်ရှင်တွေနဲ့ အတူရှိနေခြင်းဟာ
လူတွေကြားထဲမှာ ကျွန်မကိုထင်ပေါ်စေတယ်လေ
lotayamm.com
MORE
အခမဲ့ စာမျက်နှာ
လိုတရ
35 ℃ ရန်ကင်း
အသေးစိတ်
အခြား
ငွေလဲလှယ်နှုန်း
1,219.00 Ks/$
ငွေကြေးလဲလှယ်ခြင်း
အခြားငွေကြေးများ
အခမဲ့ ဝန်ဆောင်မှုများ
News
နောက်ဆုံးရသတင်းများ | နိုင်ငံရေး | နိုင်ငံတကာ | စီးပွားရေးသတင်းများ
မြောက်ကိုရီးယား ရေငုပ်သင်္ဘောတစ်စီး ပျောက်ဆုံးနေဟု
အော့ရှ်ဝစ်ဇ် အကျဉ်းသားဟောင်း ဂျူးအဖိုးအို ကမ္ဘာ့အသက်
Back
Forward
Home
Bookmarks
Tabs
ဖုန်းနဲ့ရရှိထားသော နောက်ဆုံးရစီးပွားရေးသတင်းတွေက
ကျွန်တော်ရဲ့ လုပ်ငန်းတွေကို
အကောင်းဆုံးလုပ်နိုင်တဲ့ ယုံကြည်မှုတွေရရှိလာစေတယ်
ဂိုးးးးး ! သင့်ရဲ့ဖုန်းဖြင့်
အားကစားသတင်းတွေကို
ဦးဆုံးတိုက်ရိုက်ရယူသိရှိနိုင်ပါပြီ
ဖျော်ဖြေရေးသတင်းတွေနဲ့
ဟာသအစီအစဉ်တွေကို ဝင်ရောက်ကြည့်ရှုခြင်းက
ကျွန်မရဲ့နေ့ရက်တွေကို ပြုံးပျော်စေပါတယ်
အနာဂတ်က မသေချာမှုတွေနဲ့ ပြည့်နှက်နေပေမယ့်လည်း
ကျွန်မရဲ့နေ့ရက်အများဆုံးမှာ ဘာတွေပြုလုပ်ရမလဲဆိုတာ
ဇာတာခွင်မှာကြည့်ခြင်းအားဖြင့်သိနိုင်ပြီလေ
အောင်မြင်ကျော်ကြားစေမယ့် အကြောင်းအရာတွေကို သိချင်ပါသလား။
ခေတ်ရေစီးကြောင်းတစ်လျှောက် လူကြိုက်များသူတို့ရဲ့
ဘဝအကြောင်းတွေကို ရယူသိရှိနိုင်ပါတယ်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## မဟာပညာရေးဘွဲ့ (M.Ed)
## သင်တန်းဝင်ခွင့်စာမေးပွဲ လျှောက်လွှာများခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့ (M.Ed) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သတ်မှတ်ဦးရေအတိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပညာရေးသဘောတရား | ၂၅ ဦး |
| (ခ) | ပညာရေးစိတ်ပညာ | ၂၅ ဦး |
| (ဂ) | သင်ပြနည်း | ၂၅ ဦး |

၂။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မဟာပညာရေးဘွဲ့ (M.Ed) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်-

(က) ၅-၅-၂၀၁၆ရက် (ကြာသပတေးနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

(ခ) ၆-၅-၂၀၁၆ရက် (သောကြာနေ့) ၀၉း၀၀နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာအထူးပြုဘာသာရပ်

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၁၆-၅-၂၀၁၆ ရက် (တနင်္လာနေ့)တွင် လူတွေ့စစ်ဆေးမည်။

၄။ မဟာပညာရေးဘွဲ့ (M.Ed)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ ဖြေဆိုခွင့်လျှောက်ထားနိုင်သည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပညာရေးဘွဲ့ရရှိ၍ မဟာပညာရေးဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဂ) ပညာရေးဝန်ကြီးဌာနတွင် ဆရာ၊ ဆရာမ (သို့မဟုတ်) ဆရာ၊ ဆရာမ မဟုတ်သော်လည်း သင်ကြားရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူများဖြစ်၍ လုပ်သက်တစ်ဆက်တည်း ၃၀-၆-၂၀၁၆ရက်တွင် (၁)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။

(ဃ) ပညာရေးဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာ သုံးနာရီမေးခွန်းတို့ကို ရေးဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့စစ်ဆေးခြင်းခံရမည်။

(င) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒဿန(ပညာရေးဘွဲ့)ရရှိပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရန်မလိုဘဲ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

(စ) စစ်ကိုင်းပညာရေးတက္ကသိုလ် ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံရယူပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ၂၅-၄-၂၀၁၆ ရက်နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများတင်ပြရမည်။

(က) အမှတ်စာရင်းမူရင်းနှင့် မိတ္တူမှန်

(ခ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်

(ဂ) ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ

(ဃ) မဟာပညာရေးဘွဲ့သင်တန်း ဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဖြေဆိုအောင်မြင်ပါက အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ ထောက်ခံချက်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဌာနမှူး (သင်တန်း)နှင့် မော်ကွန်းထိန်း ဖုန်း-၀၇၂-၂၂၀၉၁ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

---

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို အယူခံတရားပြိုင်သို့ကြားသိစေသည့်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၅ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ်-၇၇**

| | | |
|---|---|---|
| ဒေါ်အစ္စတာကွင်း | နှင့် | ဒေါ်ဒုသင်ကိမ်း |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၁၅ခုနှစ် အောက်တိုဘာ ၂၉ရက်စွဲပါ ကလေးခရိုင်တရားရုံးတော်၏ တရားမအယူခံမှုအမှတ် ၂၉/၂၀၁၅ကို အယူခံမှု-

အယူခံတရားပြိုင် ဒေါ်ဒုသင်ကိမ်း၊ ဖာတောက်ရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

ယခုအမှုတွင် ကလေးခရိုင်တရားရုံးက ချမှတ်ပေးသည့် ဒီကရီကို ဒေါ်အစ္စတာကွင်းက အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်းတင်သွင်းပြီး ဤအယူခံမှုကို ၂၀၁၆ခုနှစ် ဧပြီ ၂၈ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ဤအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သက်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီအရင်ခံစာသွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(မျိုးတင့်)**
**ဒုတိယညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

---


## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ နမ့်ဆီး အထက(ခွဲ)၊ ပဥ္စမတန်း(က)မှ ခွန်သက်ထွေး၏ ဖခင်အမည်မှန်မှာ ဦးခွန်ထွန်းနီ ၁၃/ဟပန(နိုင်)၀၁၂၁၅၄ ဖြစ်ပါကြောင်း။

**ဦးခွန်ထွန်းနီ**



## CNG Taxi ငှားမည်

Caldina (ပဲခြမ်း)
နေ့မောင်းတစ်လက်ကိုင်
စမ်းချောင်းမြို့နယ်၊ အိမ်မပေးပါ။
**ဖုန်း-၀၉-၂၆၀၉၂၆၁၈၆**


## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ မင်းကုန်းရပ်ကွက်၊ အကွက်အမှတ် ၂၇၊ ဦးပိုင်အမှတ် ၁၅၉/၁၊ ဧရိယာ ၀ဒသမ ၀၆၁ ဧကမြေကို ဦးမင်းသိန်း၊ ဒေါ်မြင့်မြင့်အေးတို့ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက် ရရှိထားပြီး ၎င်းတို့၏ခွင့်ပြုချက်ဖြင့် ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ကြည်က ရောင်းချခဲ့ရာ ဇန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၉-၁၁-၂၀၁၅ရက်တွင် အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးမင်းသိန်း၊ ဒေါ်မြင့်မြင့်အေးတို့အမည်မှ ဦးတင်စိုး ၁/ဗမန(နိုင်)၀၀၂၅၅၅အမည်သို့ အမည်ပြောင်းမြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်သူများရှိပါက ကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဇန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့ပေါက်ကုန်းရပ်ကွက်၊အကွက်အမှတ် ၃၅၊ ဦးပိုင်အမှတ် ၁၄၂၊ ဧရိယာ ၀ဒသမ ၀၈၈ဧကမြေကို ဒေါ်အယ်လင်းပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက်ရရှိထားပြီး ဇန်းမော်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅-၁၂-၂၀၁၃ရက်တွင် အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဒေါ်အယ်လင်းအမည်မှ ဦးသိန်းဝင်း ၁/ဗမန(နိုင်)၀၀၀၈၇၁၊ ဒေါ်ညွန့်ညွန့်ကြည် ၁/ဗမန(နိုင်)၀၂၁၉၀၃၊ ဦးကောင်းခန့် ၁/ဗမန(နိုင်)၀၇၁၀၄၇တို့အမည်သို့ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်သူများရှိပါက ကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဇန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

**သစ်တောဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရှိ ပုံစံ(၈)ဝင်၊ ကျွန်း(တံခါးချပ်၊ ကျွန်းတံခါးရွက်၊ တံခါးဆံ)(မီးသွေး)များ**

## လေလံတင်ရောင်းချရန်ကြေညာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင် ကျွန်း(တံခါးချပ်၊ ကျွန်းတံခါးရွက်၊ တံခါးဆံ) (မီးသွေး)များအား ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၂-၃-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မြို့နယ် | လေလံတင်ရောင်းချမည့်ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁။ | အလုံ | ကျွန်းတံခါးချပ် |
| ၂။ | အလုံ | ကျွန်းတံခါးရွက်၊ တံခါးဆံ |
| ၃။ | အလုံ | (၃၆)ပေါင်ဝင် မီးသွေး |

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ်တွင် ၁၈-၃-၂၀၁၆ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ အလုံမြို့နယ် ဖုန်း-၀၁-၅၂၈၈၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၉၀**

| | | |
|---|---|---|
| Future United Group Co.,Ltd. (Managing Director) ဦးကျော်စွာသိန်း | နှင့် | ၁။ ဦးသိန်းတိုး<br>၂။ ဦးယဉ်သူ<br>၃။ ဦးအောင်သူဦး<br>၄။ ဦးကျော်လွင်အောင်<br>၅။ ဦးဇာနည်ထွန်းကျော် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်း၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ် ၁၅၉ နေ (ယခုနေရပ်လိပ်စာမသိ)သူ ဦးအောင်သူဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အခန်း ၁၃၊ တိုက် ၁ နေ (ယခုနေရပ်လိပ်စာမသိ)သူ ဦးကျော်လွင်အောင်နှင့် ဦးဇာနည်ထွန်းကျော်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကြိုတင်ပေးငွေမှ ကျန်ငွေကျပ်သိန်း ၈၀ နှင့် နစ်နာကြေးငွေကျပ်သိန်း ၈၀ စုစုပေါင်းငွေကျပ် သိန်း ၁၆၀ ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ ၂၉ရက် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူဇာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၃၇**

| | | |
|---|---|---|
| ဒေါ်မြင့်စန်းရီ | နှင့် | ၁။ ဦးစန်းဝင်း<br>၂။ ဦးချစ်ခင် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(န-၄)၊ ဦးပိုင်(၆၂)၊ ၄၁×၄၂ လမ်းကြား၊ ၆၅×၆၆ လမ်းကြားနေ ဦးစန်းဝင်း (ဘ) ဦးဘိုသောင်း (ယခုနေရပ်လိပ်စာမသိ)နှင့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၅၄)၊ ဦးပိုင်(၁၃)နေ ဦးချစ်ခင် (ဘ) ဦးသုခ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်မြင့်စန်းရီက အရောင်းအဝယ်ပြုလုပ်ခဲ့သည့် စာချုပ်ပါအတိုင်း မြေကွက်အား မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် မတ် ၂၅ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူများက တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်ယဉ်ဟန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**

---

## မြန်မာ့သစ်လုပ်ငန်း
## သစ်အခြေခံစက်မှုလုပ်ငန်းဌာန
## ခွဲသားနှင့် ဖမ်းဆီးပစ္စည်းများ၊ အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊အမှတ်(၁)ပရိဘောဂစက်ရုံရှိ နှစ်ဟောင်းလက်ကျန် တတိယတန်း ကျွန်း/သစ်မာခွဲသားများ၊ ဖမ်းဆီးဓါးရွှေတုံးများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ရောင်းချမည့်ရက်နှင့်အချိန် | - (၂၄-၃-၂၀၁၆)၊ မွန်းလွဲ(၁၃း၀၀)နာရီ |
| (ခ) | ရောင်းချမည့်အမျိုးအစားနှင့်တန် | - (၄)မျိုး၊(၃၈.၅၆၄၉)တန် |
| (ဂ) | ရောင်းချမည့်နေရာ | - သစ်အခြေခံစက်မှုလုပ်ငန်းဌာန (ရုံးချုပ်)ရွှေတိဂုံဘုရားလမ်း |

၂။ အသေးစိတ် အချက်အလက်များကို၊ အမှတ်(၁/၂/၃) ပရိဘောဂစက်ရုံများနှင့် ရောင်း-ဖြန့်ဌာနစိတ်၊ အလုံနှင့် မြန်မာ့သစ်လုပ်ငန်း၏ Web-site ဖြစ်သော www.myanmatimber. Com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်ဖုန်း - ၀၁၂၂၀၆၆၈၊ ၀၁-၂၂၂၉၄၄

အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊သစ်အခြေခံစက်မှုလုပ်ငန်းဌာန

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)**
**တောင်ကြီးခရိုင်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမအထွေထွေမှုအမှတ်-၃**

**ကွယ်လွန်သူ ဦးမောင်ထွန်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**

| | |
|---|---|
| ဒေါ်နန်းလိတ် | **လျှောက်သူ** |

တောင်ကြီးမြို့၊ ဂနိုင်ရွေးရွာ၊ ပန်းတင်ကျေးရွာအုပ်စု၊ ကုသိုလ်လမ်း၊ အမှတ် ၃/၈၀နေ ဒေါ်နန်းလိတ်က ကွယ်လွန်သူ ဦးမောင်ထွန်း၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ တောင်ကြီးမြို့၊ ဂနိုင်ရွေးရွာ၊ ပန်းတင်ကျေးရွာအုပ်စုနေ ၎င်းကွယ်လွန်သူ ဦးမောင်ထွန်းမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးမောင်ထွန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၆ခုနှစ် မတ် ၂၁ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်နန်းလိတ်၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် မတ် ၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဝင်းမော်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

---

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၁ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၆၂**

| | | |
|---|---|---|
| ဒေါ်အားလီ(ခ)မရှင်းချင် | နှင့် | ဒေါ်ကြူကြူ |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၇/က)နေ ဒေါ်ကြူကြူ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၂၈ရက် (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် မတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဝင်းယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**တောင်ကြီးခရိုင်တရားရုံး**

---

